အောင်ခင်စိုး

# မင်းတုန်းမင်းတရားကြီး၏ အတွင်းရေးများ



## မင်းတုန်းမင်းနှင့် မြောက်နန်းမိဖုရားမယ်သဲ

မင်းတုန်းမြို့စားမင်းသားသည် ဘုရင်ဖြစ်လာသည်နှင့် ငယ်ချစ်ဆွေ မင်္ဂလာအိမ်တော်ပါ မယ်သဲသည် တောင်နန်းစံမိဖုရားကြီး ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ မင်းတုန်းမင်းသား၏ ငယ်ဆရာ စံကျောင်းဆရာတော် ဦးစန္ဒိမာသည်လည်း သာသနာပိုင်ဖြစ်လာလိမ့်မည်ဟူ၍ နန်းတော် အိမ်တော်ဝန်းကျင်က ထင်မှတ်ကြလေသည်။ သို့သော် ငယ်ဆရာ စံကျောင်းဆရာတော် ဦးစန္ဒိမာလည်း သာသနာပိုင်ဖြစ်၍မလာသလို မယ်သဲသည်လည်း တောင်နန်းစံမဟေသီမိဖုရားကြီး ဖြစ်မလာခဲ့ပေ။

မင်းတုန်းမင်းတရားကြီးသည် ငယ်ချစ်မယ်သဲထက် သက်တော် ၂ နှစ်ကြီး၏။ မယ်သဲအား မင်းသားက ချစ်စနိုး

ဖြင့် ခင်သဲဟူ၍ ခေါ်ကြောင်း သိရ၏။ မယ်သဲတို့နေထိုင်ရာ မုံရွာခရိုင် ညောင်ကန်ရွာသည် သဘာဝအလှနှင့် တန်ဆာဆင်ထားသောရွာ ဖြစ်ပါသည်။ မယ်သဲ အပျိုပေါက်ဘဝတွင် မိဘတို့၏ရိုးရာဖြစ်သော တောင်ယာအလုပ်တွင် ဝင်ရောက် လုပ်ကိုင်ရ၏။

မယ်သဲ၏ရုပ်အဆင်းအင်္ဂါကြန်အင်ကို မြင်ရသော မိဘများ၏ ငယ်ဆရာတော်ဖြစ်သော ညောင်ကန်ဆရာတော် ဦးကျီးညိုသည် မယ်သဲ၏ ဇာတာခွင်ကို တွက်ချက်ကြည့်ရာတွင် မယ်သဲသည် မလွဲဧကန်မိဖုရား ဖြစ်ရမည်ဟု ဟောခဲ့ပါသည်။

ထိုနေ့မှစ၍ မယ်သဲအား တောင်ယာအလုပ်ကိုမလုပ်စေဘဲ ဆရာတော်ဦးကျီးညိုကိုယ်တိုင် ဆုံးမပဲ့ပြင် သွန်သင်၏။ လောကီနက္ခတ် ပညာများအပြင် လောကုတ္တရာ ပိဋကတ် အခြေခံပညာရပ်များကို သင်ကြားပေးလေသည်။ မယ်သဲသည် ပါရမီအရှိန်က ပါလာသဖြင့် ကျောင်းနေကိုရင်သာမဏေတို့ နည်းတူ စာဝါများ လိုက်၍တက်နိုင်ပေသည်။ မယ်သဲ၏ ကိုယ်လုံးကိုယ်ထည်မှာ သေးသွယ်ညွတ်ပျောင်း၍ အမူအရာမှာ သိမ်မွေ့နူးညံ့ပေသည်။

မင်းတုန်းမြို့စားသည် မယ်သဲ၏သတင်းကို ကြား၍ အမှတ်မထင် ညောင်ကန်ရွာသို့ ရောက်လာ၏။ မင်းတုန်း





မင်းသားမှာ တောင်ဆောင်တော် မိဖုရား၏သားတော်တစ်ပါးဖြစ်၍ ညောင်ကန်ရွာသို့ ရောက်လာခိုက် မယ်သဲနှင့် နဖူးစာရွာလည်ခြင်းပင်ဖြစ်ပါသည်။ ထိုသည်မှစ၍ မယ်သဲအပေါ် စွဲလမ်းစိတ်ဖြင့် ညောင်ကန်ရွာသို့ မကြာခဏလာလေ့ရှိ၏။

ထိုသို့မကြာခဏလာရင်းမှ မယ်သဲ၏မိဘများထံသို့ မင်းတုန်းမင်းသား ရောက်ရှိလာပြီး မယ်သဲအား မယ်တော့်ထံတွင် ခစားစေမည်ကို မယ်တော့်အား လျှောက်ကြားပေးမည့် အကြောင်းများကို ပြောဆိုမှာကြားပြီး ပြန်လေသည်။ မယ်သဲ၏မိဘများကိုလည်း ညောင်ကန်သူကြီးထံတွင်အပ်၍ စောင့်ရှောက်ရန် မှာကြားခဲ့ပေသေးသည်။

သက္ကရာဇ် ၁၁၉၆ ခုနှစ်တွင် မယ်တော် တောင်ဆောင်တော်မိဖုရားအား ခွင့်ပန်ပြီးနောက် မင်းတုန်းမင်းသားသည် ငယ်ကျွမ်းဆွေ မယ်သဲအား အမရပူရရွှေမြို့တော်သို့ ခေါ်ဆောင်လာခဲ့တော့၏။ ထိုသည်မှစ၍ မယ်သဲသည် တောင်ဆောင်တော် မိဖုရားထံတွင် စာဆိုတော်အဖြစ် ခစားရလေသည်။

မယ်သဲ ရွှေမြို့တော်သို့ရောက်ရှိပြီးနောက် နန်းမှုနန်းရာ ဓလေ့ထုံးစံများကို မှတ်သားလေ့လာပြီး မောင်တော်နှင့်အတူ မင်္ဂလာအိမ်တော်၌ စံမြန်းနေ၏။ ကျေးတောသူမပင် ဖြစ်သော်လည်း ငယ်စဉ်ကပင် လိမ္မာရေးခြားရှိပြီး

လင်နှင့်တကွ ဆွေတော်မျိုးတော်များပေါ်၌ သဘောထားကြီးလှသော မယ်သဲကို မယ်တော် တောင်ဆောင်တော်မိဖုရားသည် များစွာချစ်ခင်တော်မူကြောင်း သိရ၏။

မယ်သဲသည် ရသမျှနှင့် ရောင့်ရဲတင်းတိမ်သည့်အပြင် လင့်အပေါ်၌ သဘောထားကြီးခြင်း၊ အခါခပ်သိမ်းလင်ကို မဆန့်ကျင်ခြင်း၊ အေးအတူ ပူအမျှ နေတတ်ခြင်း၊ လိမ္မာစွာ ပြောဆိုတတ်ခြင်း၊ မောင်တော့်အပေါ်၌ အမြဲဖြူစင်ဖြောင့်မတ်သော စိတ်စေတနာထားခြင်းတို့ကြောင့် မင်းတုန်းမင်းသားသည် ဆင်းရဲသူမလေးမယ်သဲအပေါ်၌ များစွာမြတ်နိုးယုယတော်မူလေသည်။

မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့အား မလိုသူ မှူးမတ်အချို့က ထိုမင်းသားညီနောင်တို့သည် မင်္ဂလာအိမ်တော်တွင်း၌ လူဆိုးလူမိုက်များမွေး၍ ဓားပြတိုက်ခိုင်းစေသည်ဟူ၍ နောင်တော်ပုဂံမင်းအား ချောပစ်လျှောက်ထားကြ၏။ ညီတော်ကနောင်မင်းသားလည်း ဤအရေးသည် နောင်တော်မင်းတုန်းမြို့စား၏အသက်ကို ရန်ရှာမည့်အမှုဖြစ်၍ ရွှေဘိုသို့ကြွချီရန် တိုက်တွန်းလေသည်။

သက္ကရာဇ် ၁၂၁၄ ခု ပြာသိုလဆန်း ၈ ရက်နေ့တွင် နေပြည်တော်၏ရှေ့မျက်နှာ မြောက်စွန်းတံခါးက ထွက်တော်မူရာ တံခါးဗိုလ် ငမိုးခေါင်က တံခါးဖွင့်မပေးသဖြင့် ကနောင်မင်းသား၏ အိမ်တော်ပါ လူများနှင့် ရန်းရင်းဆန်ခတ်ဖြစ်သွားရ၏။





ထိုအရေးတွင် မယ်သဲသည် ကြီးလေးသောအထုပ်ကြီးတစ်ထုပ်ကို ခေါင်းပေါ်တင်ရွက်၍ မင်းတုန်းမင်းသား၏နောက်တော်ပါးက ကပ်ပြီး လိုက်ပါလာလေသည်။ မင်္ဂလာအိမ်တော်သားများက မိမိတို့သခင်မ အထုပ်ကြီးရွက်လာသည်ကို မြင်ကြ၍ ကူညီသယ်ပေးခွင့်ပြုရန် ခွင့်တောင်းသော်လည်း မယ်သဲသည်

"အထုပ်နှင့်မကွာ ထမ်းပါလျက်သာလိုက်မည်။ ဤအထုပ်နှင့်သာ လူလုပ်ရမည် မောင်မင်းတို့"ဟူ၍ ပြောဆိုမိန့်ကြားပြီး မမောမပန်းအထုပ်ထမ်း၍ မောင်တော်မင်းတုန်းမင်းသား နောက်တော်ပါးကသာ လိုက်ပါလာလေသည်။

ဤသို့ဖြင့် မင်းတုန်းမင်းသား၏ အရေးတော်ပုံ၌ မင်းသားနှင့်အတူ မကြောင့်ကြ၊ မစိုးရိမ်ဘဲ ထက်ကြပ်မကွာလိုက်ပါတော်မူခဲ့၏။ အရေးတော်အောင်မြင်ပြီးနောက် မင်းတုန်းမင်းတရားကြီးသည် ရတနာသိင်္ခကုန်းဘောင်ရွှေမြို့တော်၌ ယာယီစံနန်းဖြင့် စံမြန်းတော်မူနေစဉ် မယ်သဲအား အပါးတော်သို့ခေါ်၍ အရေးတကြီးတိုင်ပင်တော်မူ၏။

ယင်းအရေးမှာ မယ်သဲ၏အရေးပင်ဖြစ်ပေတော့သည်။ မင်းတုန်းမင်းသားသည် မကြာမီ အမရပူရရွှေမြို့တော်သို့ ကြွတော်မူပြီး ရွှေနန်းစည်းစိမ်ကို သိမ်းရမည်ဖြစ်ပါသည်။ ထိုသောအခါ မိဖုရားခေါင်ကြီးနှင့်တကွ ဗိုလ်ပုံ

အလယ်တွင် ရာဇဘိသေကကို ခံယူတော်မူရပေလိမ့်မည်။ ထိုအတွက် မိဖုရားခေါင်ကြီး ဖြစ်လာရမည့်သူကို ရွေးချယ်ရပေမည်။ မိဖုရားခေါင်ကြီးအဖြစ် မည်သူ့ကိုရွေးချယ်ရမည်ဆိုသောကိစ္စသည် လွန်စွာအရေးကြီးသည့်ကိစ္စပင်ဖြစ်၏။

နောင်တော် ပုဂံမင်းကို ထီးနန်းမှချ၍ မင်းတုန်းမင်းသား ဘုရင်ဖြစ်လာသည်နှင့် နိုင်ငံခြားသူလျှိုတို့က ဆိုင်ရာနိုင်ငံများသို့ အစီရင်ခံကြပေလိမ့်မည်။ မင်းတုန်းမင်းသားနန်းတက်လျှင် မိဖုရားကမည်သူ၊ အိမ်ရှေ့မင်းက မည်သူစသည်ဖြင့် အကဲခတ်နေတတ်ကြ၏။

မိဖုရားခေါင်ကြီးသည် ရွှေလင်ပန်းနှင့် အချင်းဆေးသော နန်းသွေး သမီးတော်တစ်ပါးပါး ဖြစ်မည်ဆိုပါကတိုင်းပြည်၌ ဂုဏ်တက်သည်။ အိမ်ရှေ့မင်းဆိုသူမှာလည်း လက်ရုံးရည် နှလုံးရည်ရှိသည်၊ လုံ့လရှိသည်၊ ဝီရိယရှိသည်။ သံတမန်အရ ဆက်ဆံနိုင်စွမ်းရှိသည်ဆိုလျှင် လေးစားခံ့ညားလာကြမည်။ မှူးတော်မတ်တော်၊ ဆွေတော်မျိုးတော်များကလည်း ကျေနပ်ကြ၍ နှစ်သက်ရှိသေကြလေမည်။

မင်းတုန်းမင်းသည် ဘကြီးတော်ဘုရားလက်ထက်တော်က အဖြစ်များကို သတိရလျက်ရှိ၏။ မင်းစိုးမင်းမျိုးမဟုတ်သော အရပ်သူမယ်နုအား မိဖုရားခေါင်ကြီးမြှောက်ခဲ့သောကြောင့် ဆွေတော်မျိုးတော် အသိုင်းအဝိုင်းက မကျေနပ်





ကြပေ။ ဆွေတော်မျိုးတော်များက မင်းမျိုးမဟုတ်သော နိမ့်ကျသူကို ဒူးတုပ်၍ ရှိခိုးနေကြရသည်ကို မည်သို့မျှ ကျေနပ်နိုင်စရာ မရှိပေ။ ထိုအကြောင်းတရားကြောင့်ပင် နန်းတွင်း၌ တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းကွဲပြားလာကြတော့၏။ ယင်းအရေးကို အကဲခတ်နေသော အင်္ဂလိပ်နယ်ချဲ့များကလည်း အောက်မြန်မာပြည်ကို သိမ်းယူနိုင်ရန် ခြေကုပ်ရသည့်အချက်တစ်ချက် ဖြစ်သွားရသည်ကို မင်းတုန်းမင်းသားတွေးမိပြီး ဖြစ်ပါသည်။

ယင်းကြောင့် နန်းမတော်မိဖုရားကြီး ရွေးကောက်ဖို့အရေးကို မင်းတုန်းမင်းသည် လွန်စွာအရေးထား စဉ်းစားတော်မူ၏။ အိမ်ရှေ့စံအဖြစ် ညီတော်ကနောင်မှာလည်း ညီတော် ကနောင်မင်းသား၏ အရည်အချင်းကို နန်းတွင်းအသိုင်းအဝိုင်းနှင့်တကွ နိုင်ငံခြားသားများကပါ သိပြီးဖြစ်၍ ကျေနပ်နှစ်သိမ့်နေကြသည်။ သာသနာပိုင်အဖြစ် တင်မြှောက်မည့် ဆရာတော် ဦးညေယျကိုလည်း ရဟန်းလောက က ကျေနပ်နေပြီ ဖြစ်သည်။ တောင်နန်းမတော်အတွက်သာ ကျန်တော့၏။ မယ်သဲကိုလည်း ငယ်ချစ်မို့ အသက်နှင့် ထပ်တူ ချစ်သည်မှာလည်း မှန်ပါ၏။ သို့သော် မယ်သဲသည် ဤအရေးနှင့် ထိုက်တန်ပါမည်လော၊ ယင်းအကြောင်းကို ဖွင့်ဟ၍ တိုင်ပင်တော်မူလိုက်သည်နှင့် မယ်သဲသည်

“မောင်တော်ကို ဘုရားကျွန်တော်မ၏ အချစ်ဦးပါ ဘုရား၊ အသက်ပေး၍လည်း ချစ်နေမှာပါ၊ မောင်တော် သဘောတော်ကျ ပြုတော်မူပါဘုရား၊ နှမတော်ကို ငဲ့ကွက် ထောက်ထားတော်မမူပါနှင့်၊ မောင်တော်ဘုရားနှင့် နိုင်ငံတော်ကို အိမ်နီးချင်းနိုင်ငံမင်းတို့က ခုံညားလေးစားဖို့ကိုသာ အဓိက ထားပြီး မောင်တော်စီမံတော်မူပါ။ နှမလေးမှာ ဆင်းရဲသူမ ပင်ဖြစ်၍ နန်းမတော်နှင့်လည်း ထိုက်တန်မည်မဟုတ်ပါ။ မောင်တော် ထားရာမှာပင် ကျေနပ်နှစ်သက်အားရစွာနေပါမည် မောင်တော်ဘုရား” ဟူ၍လျှောက်ထားတော်မူပါသည်။

မင်းတုန်းမင်းသား၏ ရွှေမျက်နှာတော်မှာ ရွှင်လန်း ကျေနပ်တော်မူလာ၏။ အချစ်ဦးကလေးမယ်သဲ၏ လက်တော်ကိုဆွဲပြီး မယ်သဲ၏ မျက်နှာကိုသေချာစွာ ရှုစားတော်မူသည်။

မယ်သဲသည် ငါသာလျှင် ငယ်ချစ်၊ ငယ်လင်၊ ငယ်မယား ဖြစ်သောကြောင့် ငါသာလျှင် မိဖုရားကြီးဖြစ်ထိုက်သည်ဟု အရေးမဆို။ ချစ်လင်တော်မောင်ကို ဆန့်ကျင်ဘက် မပြု။ မောင်တော်ကျေနပ်သလို စီမံဖို့ကိုသာ မှာတော်မူရှာသည်။ မယ်သဲတောင်းသောဆုမှာ တစ်ခုတည်းသာဖြစ်သည်။ ယင်းဆုမှာ

“ဘုရားကျွန်မ လျှုတန်းလိုသည့်အခါမှာ လွယ်လွယ် ကူကူ ဖြစ်ပါရစေဘုရား” ဟု လျှောက်ထား၏။





ထိုညတွင်မယ်သဲသည် အဆောင်တော်တွင်းသို့ ပြန် လာသည်။ မည်သူ့ကိုမျှ နှုတ်ခွန်းတော်မဟ၊ မကြာမီမှာပင် မောင်တော်သည် မင်းသမီးတစ်ဦးဦးကို နန်းမတော် တင် မြှောက်ပေတော့မည်။ မည်သူများ ဖြစ်လေမည်မသိ၊ မောင် တော်ကို မေးလည်းမမေးမိ၊ မေးလည်းမမေးချင်ပါ။ သို့သော် မောင်တော်၏စိတ် ငြိမ်းအေးချမ်းသာမည်ဆိုပါလျှင် သူမ အဖို့ အရာရာသည် ကျေနပ်ရမည်သာ။

သက္ကရာဇ် ၁၂၁၄ ခုနှစ် တန်ခူးလပြည့်ကျော် ၃ ရက် နေ့တွင် မင်းတုန်းမင်းတရားကြီးသည် ရတနာသိင်္ခကုန်းဘောင် စံနန်းတော်၌ပင် ခမည်းတော် အမရပူရ ဒုတိယ မြို့တည် နန်းတည်မင်း၏ သမီးတော်ကို “သီရိပဝရ တိလောကရတနာ မင်္ဂလာဒေဝီ”ဘွဲ့နှင့် တောင်နန်းမတော် ကြီးအဖြစ် တင်တော်မူသည်။ မင်္ဂလာအိမ်တော်ပါငယ်ချစ် မယ်သဲအား “သီရိမဟာ ရတနာမင်္ဂလာဒေဝီ” ဘွဲ့တော်နှင့် မြောက်နန်းတင်တော်မူ၏။

ဘကြီးတော်မင်းနှင့် နန်းမတော်မယ်နုတို့၏ သမီး တော် ပုဂံမင်း၏နှမတော် (နောင် ဆင်ဖြူမရှင်ဖြစ်လာမည့်) မင်းသမီးကို “သီရိတိလောကမဟာဒေဝီ” ဘွဲ့တော်နှင့် အလယ်နန်း တင်တော်မူသည်။ ခမည်းတော်မင်းတရား ကြီး၏ မြောက်ဆောင် ကနောင်မြို့စားမိဖုရားတွင် မြင်သော

သမီးတော် ပင်းတလဲမြို့စားမင်းသမီးကို "သီရိရတနာသုစန္ဒာဒေဝီ" ဘွဲ့နှင့် အနောက်နန်း တင်တော်မူလေသည်။

နောင်အခါတွင် ဆင်ဖြူမရှင်ဖြစ်လာမည့် အလယ်နန်းမတော် မိဖုရားသည် ကျေးတောသူမ မယ်သဲအား မြောက်နန်းတင်သည်ကို ကျေနပ်ဟန်မပြပေ။ အကြောင်းမူ မြောက်နန်း၏အဆင့်အတန်းသည် အလယ်နန်းထက် မြင့်သောကြောင့်ဖြစ်ပါသည်။

မယ်သဲသည် မြောက်နန်းမိဖုရားကြီး ဖြစ်လာပြီးသည့်နောက် မိမိ၏ဇာတိရပ်မြေ ညောင်ကန်ရွာ၌ရှိသော သီရိနန္ဒာကန်တော်နှင့် ဇေယျနန္ဒာကန်တော်နှစ်ခုကို သက္ကရာဇ် ၁၂၁၆ ခုနှစ်တွင် အသစ်ထပ်မံပြင်ဆင်တော်မူသည်။ ရွှေမြို့တော်မြောက်ပြင်၊ မန္တလေးတောင်ခြေ၊ မဏ္ဍလာရာမတိုက်၊ ကျောင်းရံ ၂၀ နှင့်တကွ လေးထပ်စမြင်ခံကျောင်းတော်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်း၍ ညောင်ကန်ရွာရှိ မိမိ၏ငယ်ဆရာတော် "မေဓာသီရိကဝိဓေပရမ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ ဆရာတော်ဦးကျိုးညို (ပြည်ဆရာတော်) အား တင်လှူတော်မူပါသည်။

မင်းတုန်းမင်းသည် ပုဂံမင်းနှမတော်စကြာဒေဝီမိဖုရားကြီးအား နန်းမတော်တင်သည့်တိုင်အောင်လည်း မယ်သဲသည် တစ်လုံးတစ်ပါဒမျှ ဆန့်ကျင်၍မပြောပေ။ ကြည်ဖြူ





ခွင့်လွှတ်တော်မူရသည်။ မည်သူကပင် အပြစ်ရှာရှာ၊ မည်သူကပင် ကုန်းချောစကားဆိုစေကာမူ မင်းတရားကြီးက မည်သည့်အခါကမျှ အပြစ်တော်မယူပေ။ ရှေးကထက်ပင် ပိုမိုမြတ်နိုးယုယတော်မူပါသည်။ သို့သော် မယ်သဲမှာ သားသမီးမထွန်းကားခဲ့ပေ။

တစ်နေ့သော်မိဖုရားကြီးမယ်သဲနှင့် သလွန်တော်ပေါ်တွင် ချစ်ကြည်စွာစံနေတော်မူခိုက် မင်းတုန်းမင်းတရားကြီးက

"မယ်သဲ့မှာလည်း သားရတနာမထွန်းကား၊ အခုအခါများ မယ်သဲမှာသာ သားတော်တစ်ဦးဦး ထွန်းကားလာခဲ့ရင် နန်းလောင်းရာထား မြှောက်စားတော်မူနိုင်ငဲ့" ဟူ၍ မိန့်တော်မူပါသည်။

ထိုအခါ မယ်သဲမှာ သက်တော် ၅၀ ကျော်နေချေပြီ။ ထိုသို့မိန့်တော်မူပြီးနောက် မင်းတရားကြီးသည် ကြေကွဲတော်မူသည့် မျက်နှာတော်နှင့် အတန်ငယ်ဆိတ်ငြိမ်စွာ စံနေတော်မူ၏။

သက္ကရာဇ် ၁၂၃၃ ခုနှစ်တွင် မြောက်နန်းမိဖုရားမယ်သဲ၏ သက်တော်မှာ ၅၇ နှစ်တွင်းသို့ ချင်းနင်းဝင်ရောက်လာလေပြီ။ ထိုအခါ မယ်သဲ၏မျက်နှာတော်မှာ နုပျိုစဉ်ကကဲ့သို့ မဟုတ်တော့ပေ။ ဇရာထောင်းလာသည့်အလျောက်

မှဲ့နီ မှဲ့ခြောက်တို့ဖြင့် ဖုံးလွှမ်းလို့နေပေပြီ။ အသက်အရွယ်အရ တစ်ခါတစ်ရံ အမေ့ကြီးမေ့နေတတ်လာ၏။ ယင်းသို့ဇရာကြောင့် ယိုယွင်းဆုတ်ယုတ်စပြုလာသော်လည်း ငယ်ချစ်အိမ်တော်ပါ မိဖုရားကြီးမယ်သဲအပေါ်၌ အချစ်မပြယ်၊ တိုး၍သာ သနားချစ်ခင်ယုယလာလေသည်။

သက္ကရာဇ် ၁၂၃၄ ခုနှစ်တွင် မြောက်နန်းမိဖုရားကြီးမယ်သဲ၏ သက်တော်မှာ ၅၈ နှစ်တွင်းသို့ ရောက်နေချေပြီ။ ထိုနှစ် ကဆုန်လဆန်း ၁ ရက်နေ့တွင် မိုးကြိုးပစ်ရာ၌ မရှုမလှ အသက်ပျောက်ရသော သားအဖသုံးယောက်၏အလောင်းကို မြောက်နန်းမိဖုရားမှ အမှတ်မထင် မြင်လိုက်သဖြင့် သွေးလန့် တော်မူပြီး ဖျားတော်မူလေသည်။ မိဖုရားကြီး မယ်သဲသည် ထိုဝေဒနာမှ မထနိုင်ရှာဘဲ ၁၂၃၄ ခုနှစ်ကဆုန်လပြည့်ကျော် ၁၂ ရက်နေ့တွင် နတ်ရွာစံတော်မူရှာပါသည်။

မင်းတုန်းမင်းတရားကြီးသည် လွန်စွာကြေကွဲဝမ်းနည်းတော်မူပြီး မိဖုရားကြီး သီရိမဟာရတနာ မင်္ဂလာဒေဝီ၏အလောင်းတော်ကို ကောင်းစွာသင်္ဂြိုဟ်တော်မူပြီး နန်းမြို့တော်၏ အနောက်မြောက်ထောင့်တွင် အုတ်နန်းပြာသာဒ်နှင့်ထားတော်မူပါသတည်း။



## မင်းတုန်းမင်းတရားကြီး၏ကြေကွဲရိပ်များ

မင်းတုန်းမင်းတရားကြီး၏ နန်းတော် အိမ်တော်များတွင်နေ့စဉ်နှင့်အမျှ ဖြစ်ပျက်နေကြသော အကြောင်းအရာကလေးများ ရှိကြပါသည်။ ထိုအသေးအဖွဲ့ အကြောင်းကိစ္စလေးများသည်ပင်လျှင် တစ်ခါတစ်ရံ ဖုံး၍မနိုင်၊ ဖိ၍မရနိုင်လောက်အောင် ကြီးကျယ်လာကြပြီး အပြင်သို့ ပေါက်ရောက်လာကြသည်လည်း ရှိတတ်ပါသည်။ မိဖုရားများ တစ်ယောက်နှင့် တစ်ယောက် မသင့်မြတ်၍ ဘုရင်ကိုယ်တိုင်စေ့စပ်ပေးရသည်လည်း ရှိခဲ့ဖူး၏။ စကြာဒေဝီမိဖုရားခေါင်ကြီး နန်းမတော်ဖုရား နတ်ရွာစံပြီးသည့်နောက်တွင် နန်းမတော်နေရာကိုမရကောင်းလားဟု ဆူပူငြူစူနေသော အလယ်နန်းမတော်ကို ဆင်ဖြူမတစ်စီးပေး၍ နှစ်သိမ့်စေခဲ့ရ၏။

နန်းမတော်နေရာပင် မရစေကာမူ နန်းမတော်အရာထက် အောက်မကျသော အဆောင်အယောင် ရာထူးအဆင့် အတန်းကိုလည်း ပေးခဲ့ရပါသေးသည်။

မင်းတုန်းမင်းတရားကြီးသည် မိဖုရားများကို အလိုလိုက်တော်မူသည်နှင့်အမျှ အချို့မိဖုရားများမှာ အလွန် နွဲ့ဆိုးဆိုးကြ၏။ မိဖုရားများကို နေရာတကာ ချော့တော်မူနေရသည်က များသည်။ မင်းတရားကြီးသည် များစွာ စိတ်သဘောထားကြီးတော်မူ၏။ မိမိအတွက်နှင့် အခြားသူများ စိတ်လက်မချမ်းသာဖြစ်နေသည်ကို မကြည့်ရက်နိုင်ပေ။ မင်းတုန်းမင်းတရားကြီးသည် အားလပ်သည့်အချိန်များတွင် မှန်နန်းဆောင်၏တောင်ဘက်၌ ကပ်လျက်ရှိသော ရွှေဆောင်တော်တွင် စံနေတော်မူပြီး စာဖတ်တော်မူလေ့ရှိသည်။ တစ်ခါတစ်ရံ ကိုယ်တော်တိုင်လည်း ကဗျာများကို ဝါသနာပါသည့်လျောက် ရေးစပ်သီကုံးတော်မူ၏။ မင်းတရားကြီး ရေးဖွဲ့တော်မူသော ကဗျာများသည် လျှို့ဝှက်စွာ ကိုယ်တော်တိုင်ထိန်းသိမ်းထားသော ကဗျာများပင်ဖြစ်ပါသည်။ တစ်ခါတစ်ရံ မင်းတရားကြီး ရေးစပ်သီကုံးသည့် ကဗျာလင်္ကာများသည် မင်းတရားကြီးကိုယ်တိုင်ကပင် ထုတ်ဖော်ရွတ်ဆိုပြသဖြင့် အပြင်သို့ ပေါက်ကြားလာတတ်၏။

မင်းတရားကြီး၏ ကိုယ်ရေးကိုယ်တာ ကဗျာများအနက် မင်းတရားကြီး၏ မိဖုရားကြီးများအကြောင်းကို





ကိုယ်တော်တိုင် ရေးဖွဲ့သိမ်းဆည်းထားသော ကဗျာသုံးပုဒ်သည် မင်းတုန်းမင်းတရားကြီး မရှိသည့်နောက် သားတော်သီပေါမင်းမှ မင်းတရားကြီး သက်တော်ပျောက်ရာအဆောင်ကို ဖျက်ရာတွင်တွေ့သည်ဟု ရှေးသူဟောင်းတို့ အဆိုရှိခဲ့သည်ကိုလည်း မှတ်သားရသည်နှင့်အမျှ မင်းတရားကြီး စံနေတော်မူစဉ်အခါကပင် ယင်းကဗျာများကို ကင်းဝန်မင်းကြီး ဦးကောင်းမှ သိရှိကူးယူထားကြောင်းကိုလည်း မှတ်သားရပါသေးသည်။

မည်သို့ပင်ဖြစ်စေ နန်းတော်၏အထွတ်အထိပ် ဖြစ်တော်မူသော မိဖုရားကြီးများ၏ အမူအကျင့်၊ အရည်အသွေးတို့ကိုမူကား သာမန်စာဆိုတော်များအဖို့ ရေးစပ်ဖွဲ့ဆိုဝံ့မည်မထင်ပါ။ ထို့အပြင် ကဗျာများတွင် ဖော်ပြထားသော အမူအကျင့် သိက္ခာမှစ၍ အရည်အသွေးလက္ခဏာများမှာလည်း မင်းတုန်းမင်းတရားကြီးမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ မသိတန်ကောင်းသော အချက်အလက်များ ပါဝင်နေခြင်းကပင် မင်းတုန်းမင်းတရားကြီးကိုယ်တော်တိုင် ရေးစပ်သီကုံးလိမ့်မည်ဟူ၍သာ မှတ်ရာသည်။

## "နန်းမတော်ဘွဲ့တေးထပ်"

"ဘီးပုံတော်ခွေစပတ်ကယ်နှင့်၊ ကြွေမတတ်မှုရာ၊
ရွှေနားကပ်မကူသာပေါင်၊ မဟူရာဆင်၏၊
သိမ်ရေကျရော့ ရီးခြုံတယ်၊ ကြော့နည်းပုံဆန်းလိုက်
ပါပေ့။
ဝတ်လဲတော်ကြိုးအဝါ၊ ဦးနံ့သာသွေ့၊
ရိုးရှာသည့်ဓလေ့မို့၊ ပြကတေ့ယဉ်ပြန်၊
မျက်လုံးတော် တစ်မှုသစ်တာက၊ ဇမ္ဗူရာဇ်သိန်းမက
တန်။
ရွှေနန်းသူချောရှာဟန်မှာ၊ သောတာပန်မိသူဌေးကဲ့သို့၊
မြေးရှစ်ကျိပ်ရတောင်ကွယ်၊ ရှေးကထက်ငယ်၊
လေးဆယ်ပြည့်ဇရာရွယ်တော်၊ ကညာမယ် သာဘူး
ကွယ့်လေး။

ဤတေးထပ်ကို ရွှေထီးရွှေနန်းကို သိမ်းမြန်းတော်မူပြီးနောက် နန်းသက်နှစ်နှစ်အတွင်း၌ ဖွဲ့ဆိုဟန်တူပေသည်။ စကြာဒေဝီမိဖုရားကြီးသည် ရိုးရိုးလေးသာ ပြင်ဆင်နေတတ်၏။ ဘီးဆံပတ်ခွေဆံထုံးနှင့် မဟူရာနားကပ်ကို နှစ်သက်မြတ်နိုးစွာဝတ်ဆင်လေ့ရှိ၏။ အဝတ်အထည်များတွင် အဝါရောင်ကို ပို၍နှစ်သက်တတ်ပါသည်။ ပုသိမ်ထည်ပဝါ ဖွပ်





လျှော်ပြီးသားကို ဆင်ယင်တတ်၏။ မျက်လုံးအလွန်လှပုံရပါသည်။ စကြာဒေဝီနန်းမတော်ဘုရား၏ အသက်သည် လေးဆယ်ဟုဆိုသော်လည်း သားတော် သမီးတော်များ မထွန်းကားသဖြင့် အရွယ်တော်တင်သည်ဟု ဆိုရပါမည်။

မင်းတုန်းမင်းတရားကြီးသည် မိဖုရားကြီးကို အလွန်မြတ်နိုးတော်မူ၏။ စကြာဒေဝီမိဖုရားကြီးသည် မင်းတုန်းမင်းထက် သက်တော် ၂ နှစ်ကြီးပေသည်။ မိဖုရားကြီးနှင့် စကားပြောသည့်အခါ မင်းတုန်းမင်းကြီးက "မဖုရား"ဟူ၍ ခေါ်လေ့ရှိ၏။ ဆံတော်သန့်ရှင်းခြင်း၊ ဆံတော်ထုံးခြင်းများကို အခြားမိဖုရားများ ပြုလုပ်ပေးသည်ကို အလိုတော်မရှိပေ။ နန်းမတော်ကြီးကိုယ်တိုင် ပြုလုပ်ပေးရလေသည်။ မိဖုရားကြီး နတ်ရွာစံပြီးသည့်နောက်တွင်လည်း မင်းတုန်းမင်းတရားကြီးသည် မည်သည့်မိဖုရားကိုသော်မျှ ဆံတော်ရှင်းခြင်း၊ ထုံးခြင်းအမှုကို မခိုင်းပေ။ ကိုယ်တော်တိုင် ထုံးတော်မူပါသည်။

## "မြောက်နန်းတော်မိဖုရားကြီးတေးထပ်"

"ရွှေမေတ္တာပိုမိုလှချောင့်၊ ဗန္ဓုရပုံလို
မြင်တိုင်းပ ရသချိုတယ်၊ အမယ်အိုသည့်လား။

ပါးရေကျို့ဆံတော်ကေမှာ၊ ဖြူလေလေတိုး၍သနား၊
ခါးတော်ကညွတ်ခွေခွေ၊ ကြင်ဖျာရွှေထပ်ပွား၊
မှဲ့နက်နီပုံများနှင့် ချစ်အားကထပ်မံ။
သူငယ်ပြန်အရွယ်ရောက်၊ ဘယ့်ကလောက်တွေးလို့
မမှန်၊
မိုးဏ္ဍုန္ဒသက်နှံ့ငယ်၊ လိုက်စေရန်စကြာမျိုးနဲ့
ရှိခိုးလို့အမယ်အို၊ လဲချင်လို့ငို၊
ကြင်ဦးမို့ စေတနာပိုတယ်၊ မလဲလိုမြဲပါငဲ့လေး။

မြောက်နန်းတော်မိဖုရားကြီးသည် မင်းတုန်းမင်း၏ မင်္ဂလာအိမ်တော်ပါ ငယ်ချစ်မိဖုရား မယ်သဲပင်ဖြစ်ပါသည်။ မင်းတုန်းမင်းထက် ၂ နှစ်ငယ်ကြောင်း သိရ၏။ စိတ်နေသဘောထား နူးညံ့သိမ်မွေ့လွန်းသည်။ ချစ်ဖက်သက်နှံ မောင်တော်ဘုရားအတွက်ဆိုလျှင် အနစ်နာခံစမြဲ။ မောင်တော် ထားရာနေတတ်၏။

နန်းမတော်ကို မိဖုရားခေါင်ကြီး မြှောက်တင်သည့်တိုင်အောင် မဆန့်ကျင်ခဲ့ပေ။ မင်းတုန်းမင်းတရားကြီးက သူ၏မိဖုရားကြီးမယ်သဲကို ကြည့်လိုက်တိုင်း ဗန္ဓုရသရက်သီးကို စားလိုက်ရသကဲ့သို့ အားပြည့်ပြီး ရွှင်ပျတော်မူ၏။ မိဖုရားကြီး၏ရုပ်ရည်သည် အရွယ်မတင်၊ အရွယ်





တော်ကျသည်။ ဆံပင်များက ဖြူနေလေပြီ။ မှဲ့နီ မှဲ့နက်များနှင့် အမယ်ကြီးအိုရုပ်ပင် ပေါက်နေချေပြီ။ သို့စေကာမူ သူတိုး၍သာ သနားတော်မူနေပါသည်။ ခါးကလေး ညွတ်ကိုင်းပြီး သတိတော်များကလည်း အလွန်မေ့တတ်လာသည့်တိုင်အောင် သိကြားမင်းကလာ၍ နတ်သမီးနှင့် လဲသော်လည်း မလဲဘဲ စွဲစွဲမြဲမြဲချစ်ပါသည်ဟု ဖွင့်ဆိုထား၏။

ယင်းသည်ပင်လျှင် မင်းတုန်းမင်းတရားကြီးသည် မြောက်နန်းမိဖုရားကြီးမယ်သဲကို မည်မျှချစ်မြတ်နိုးတော်မူကြောင်း သိသာပါသည်။

စကြာဒေဝီ နန်းမတော်မိဖုရားလည်း နတ်ရွာစံခဲ့လေပြီ။

မြောက်နန်းမိဖုရားကြီးမယ်သဲလည်း နတ်ရွာစံတော်မူပြန်ပါသည်။ ထိုအခါတွင် မင်းတုန်းမင်းတရားသည် များစွာကြေကွဲတော်မူပြီး စိတ်ချမ်းမြေ့ခြင်းမရှိပေ။ ထိုအတောအတွင်း အလယ်နန်းမတော်မိဖုရား ဆင်ဖြူရှင်မက စိတ်တော် မချမ်းမြေ့အောင် ပြုမူ နှောင့်ယှက်တော်မူကြောင်း သိရ၏။ နန်းမတော်ခေါင်ကြီးနေရာကို လိုချင်လှသော်လည်း မင်းတုန်း မင်းတရားကြီးက မပေးပေ။ နန်းမတော်ဆောင်နှင့် မြောက်နန်းဆောင်ကို အတွင်းတော်ရှိ ပရိဘောဂ အဆောင်အယောင်များနှင့်တကွ စကြာဒေဝီ နန်းမတော်ကြီးနှင့်

မြောက်နန်းမိဖုရားကြီးမယ်သဲတို့ ရှိစဉ်ကကဲ့သို့ ခြေရာလက်ရာမပျက် ထားစေပြီး မကြာခဏ အဆောင်တော်များ တွင်းသို့ ဝင်တော်မူကာ မိဖုရားကြီးနှစ်ပါးတို့၏ပစ္စည်းများကို ကြည့်၍ ဆွေးမြေ့ကြေကွဲတော်မူရှာလေသည်။

### "အလယ်နန်းတော်မိဖုရားဘွဲ့တေးထပ်"

"ရာပြည့်ပြည့်ရှိပန်သ၊ တိုင်းပူရဥဿျောင်၊
ညာနန်းမအခေါင်၊ သက်အယောင်မကြား၊
စန်းငွေလတိမ်စင်လို၊ နှိုင်းမမြင်ထီးဖြူအောက်ဖွား၊
တော်လေးဝနတ်မူနီလို၊ မှတ်တူညီမခြား၊
သို့ပါသော် စိတ်ထားမှာ၊ မျက်အားတော်လွန်ကြွယ်။
တစ်နာရီအချိန်လောက်၊ အံကောက်ကများလှတယ်။
မဖြစ်သင့်မှုငယ့်ကို၊ ဦကာကျယ်ဉာဏ်ချဲ့လို့၊
ပူရှာဖွဲ့မကြည်လင်၊ ငြိုးမာန်ဖွဲ့ဆင်။
ရွှေစိတ်တော် သူ့ကြင်လင်အောင် သိကြားမင်းပင်လာစမ်းတော့လေး"။ ။

အလယ်နန်းမတော်မိဖုရားသည် အဝရွှေပြည်စတုတ္ထနန်းတည် ဘကြီးတော်ဘုရားနှင့် နန်းမတော်မယ်နုတို့မှ မြင်သော ရွှေလင်ပန်းနှင့် ရွှေထီးရိပ်အောက်တွင်





အချင်းဆေးခဲ့သူပင်ဖြစ်ပါသည်။ မင်းတုန်းမင်းကြီးသည် အလယ်နန်းမိဖုရား ဆင်ဖြူမရှင်အပေါ်တွင် များစွာ မကျေနပ်ဖြစ်တော်မူပါသည်။ ထို့ကြောင့်ပင် မင်းတရားကြီးကိုယ်တော်တိုင် လှို့လှို့ဝှက်ဝှက် ရေးထားခဲ့သော တေးထပ်ကို လေ့လာကြည့်ခြင်းအားဖြင့် အလယ်နန်းမိဖုရား၏ သဘောတော်မည်သို့ရှိမည်ကို ခန့်မှန်းမိကြပေလိမ့်မည်။

ဆင်ဖြူမရှင်သည် ရုပ်ရည်ရူပကာအရ ပြောစရာမရှိပေ။ အလွန် လှပတော်မူ၏။ နေပုံထိုင်ပုံ၊ ဝတ်စားဆင်ယင်ပုံ၊ ထီးမူနန်းရာအပြည့်ရှိသည်ဟု သိရ၏။ သို့သော် မာနထောင်လွှား၏။ အမျက်စောင်မာန် ထားတတ်လေသည်။ အငြိုးကြီး၏။ သူမ၏စိတ်တော်နှင့် မကိုက်ညီလျှင် ရန်လုပ်တတ်သည်။ စိတ်လည်းအလွန်ကောက်၏။ မင်းတုန်းမင်းတရားကြီးနှင့် စံနေတော်မူချိန်ခဏတာ အတောအတွင်း၌ပင်လျှင် တစ်ခုခုကိုအကြောင်းပြုပြီး မင်းတရားကြီးအပေါ် စိတ်တော်ကောက်၍ ရှေ့တော်မှောက်မှ ဆောင့်အောင့်ထွက်သွားသည်ကို မင်းတုန်းမင်းတရားကြီးက ပြုံးပြုံးကြီး ရှုစားတော်မူတတ်၏။ အပြစ်တော်မယူပေ။ တစ်ခါတစ်ရံ မင်းတရားကြီးကိုယ်တော်တိုင် အဆောင်တော်တွင်းသို့ဝင်၍ ချော့မော့ရသည့်အကြိမ်ပေါင်းလည်း မနည်းတော့ပေ။

စိတ်ကောက်ရန် လုပ်ရသည့်အကြောင်းကလေးများကို ကြည့်လိုက်ပါလျှင်လည်း ဘာမျှမဖြစ်သည့် အသေးအဖွဲ့

အကြောင်းကိစ္စကလေးကိုပင် မင်းတရားကြီးစိတ်တော် မချမ်းမြေ့အောင် ငြူစူစောင်းမြောင်း ရန်လုပ်တတ်လေသည်။ ထို့ကြောင့် အလယ်နန်းမိဖုရား၏အပေါ်တွင် များစွာ စိတ်ကုန်ခန်းရှာတော်မူ၏။ စိတ်ကောက်တိုင်းလည်း ချော့ရသည်မှာ မသက်သာ။ အလယ်နန်းမိဖုရား စိတ်တော်ပြေရန် သူမ၏အလိုကို အမျိုးမျိုးလိုက်၍ ဖန်ဆင်းပေးနိုင်သည့် သိကြားမင်းပင်လျှင် လာ၍စမ်းကြည့်စေချင်ပါ၏။ သိကြားမင်းပင် လက်လျှော့၍ ပြေးရပေမည်ဟု မင်းတရားကြီးက ဖွဲ့ဆိုထားပါသည်။

မင်းတုန်းမင်းတရားကြီးသည် စိတ်တော်တွင်း၌ တအုံနွေးနွေး ခံစားနေရသော အလယ်နန်းမိဖုရား၏ စိတ်သောကပေးမှုများကို ဖွင့်ဟ၍မဆိုခဲ့။ မိမိတစ်ဦးတည်းသာ ကျိတ်မှိတ်၍ ခံစားလာခဲ့ရ၏။ အခြားသူများကိုလည်း မြွက်ဟကောင်းသည့်အရာမဟုတ်။ ထို့ကြောင့် သူ့စိတ်ကိုသူဖြေရန် သူသာလျှင်သိသော အတွင်းရေးကို သူကိုယ်တိုင်သာ ကိုင်သော ပုရပိုက်ဖြူတွင် အလယ်နန်းမိဖုရားအကြောင်းကို စိတ်ရှိလက်ရှိ ဝေဒနာဖွင့်အန်၍ ရေးထားမိခြင်းသာ ဖြစ်ပေလိမ့်မည်သာတည်း။

❀❀❀



## မင်းတုန်းမင်းအကြိုက် ဝန်မင်းတို့မလိုက်

မင်းတုန်းမင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၂၂၈ ခုနှစ်တွင် ပတိမ်းစား ပုန်ကန်သည့် အရေးတော်ပုံဖြစ်ခဲ့၏။ ပတိမ်းစားဘက်မှ ပုန်ကန်ခြားနားသူများလည်း ရတနာပုံရွှေမြို့တော် တစ်ဝိုက်ကို ဝန်းရံနေလေသည်။ မင်းတုန်းမင်းတရားကြီးသည် ပြည်သူတို့အဆင်းရဲမရှိစေရန် ထီးနန်းကိုသော်မျှ လွှဲပေးတော့မည်ဟု ကြံစည်စိတ်ကူးတော်မူ၏။ သို့သော် ရှေ့အဖို့ အရေးတော်မည်သို့ရှိမည်ကိုလည်း သိလိုတော်မူသဖြင့် ဗေဒင်တတ်ကျွမ်းသော ဗြဟ္မစန္ဒာပုဏ္ဏားပညာရှိတစ်ယောက်၊ ကန်နီမြို့ဝန် မင်းလှသီရိသင်္ခယာဦးဝိုက်နှင့် နာရီတော်မှူး ဆင်တဲ ရွာစား မင်းလှသီရိစည်သူဦးပေတို့အား ရှေ့တော်သို့ ခေါ်ယူလျက် ယခုအရေးတော်ပုံသည်

ရှေ့တွင် မည်သို့ရှိမည်ကို မှန်ကန်စွာတွက်ချက်၍ တင်ဝံ့လျှင် တင်ရမည်။ မတင်ဝံ့လျှင် မတင်နှင့်။ တင်သည့်အတိုင်း မမှန်လျှင် အသက်ဆုံးအောင် စီရင်မည်။ အကယ်၍ မှန်ကန်စွာ တွက်ချက်နိုင်ပါက အလိုရှိရာ ရာထူးတွင် မြှောက်စားသနားတော်မူမည်ဟု အမိန့်တော် ရှိလေသည်။

ဗေဒင်ပညာရှိသုံးဦးတို့လည်း တိုင်ပင်တွက်ချက်ကြည့်ကြရာ အရေးတော်အောင်မည့်ရက်မှာ အချိန်သာကွဲလွဲသော်လည်း တစ်ရက်တည်း တိုက်ဆိုင်ညီညွတ်နေကြ၏။ ယင်းသို့ ပညာရှိများတိုင်ပင်ပြီးနောက်

"မမှန်လျှင် အသက်ကိုအဆုံးစီရင်တော်မူပါဘုရား၊ မှန်ကန်ပါက အလိုရှိရာတွင် ချီးမြှင့်မြှောက်စား အသနားခံရပါမည်" ဟု လျှောက်ထားကြ၏။ မင်းတရားကြီးလည်း

"မှန်လျှင် နောင် မေ့ကျန်ပျက်ကွက်ခြင်းမရှိရလေအောင် ပုရပိုက်ဖြူနှင့် မှတ်သားထားမည်" ဟု မိန့်တော်မူပြီး

"မည်သည့်အရာထူးများကို အလိုရှိတော်မူကြသနည်း" ဟု မေးတော်မူ၏။ ဗြဟ္မစန္ဒာပုဏ္ဏားက ပုဏ္ဏားဝန်အဖြစ်ဖြင့် လည်းကောင်း၊ ပညာရှိကန္နီမြို့စား ဦးဝိုက်က ရွှေနန်းတော်အတွင်းဝန်အဖြစ် ထမ်းရွက်လိုပါသည်ဟူ၍ လည်းကောင်း၊ ပညာရှိ နာရီတော်မှူးဆင်တဲရွာစား ဦးပေက လွှတ်တော်ဝန်ရာထူးဖြင့်လည်းကောင်း အသီးသီး ထမ်းရွက်လိုပါကြောင်း လျှောက်ထားကြ၏။





ယင်းပညာရှိသုံးဦးတို့ တွက်ချက်ထားသော ဟောစာတမ်းများကိုလည်း ပုရပိုက်ဖြူဖြင့် ရေးမှတ်၍ သိမ်းဆည်းထားတော်မူသည်။ ထိုပညာရှိသုံးယောက်တို့ကိုလည်း ဟောသည့်နေ့မှစ၍ အရေးတော်အောင်မည့်နေ့ ရောက်သည့်တိုင် ရွှေနန်းတော် ခနဆောင်တွင် နေစေလေသည်။ အပြင်သို့ မထွက်စေရန်ကိုလည်း တံခါးနီသို့ အမိန့်တော်ပြန်စေသည်။

ဗေဒင်ပညာရှင်များ ဟောသည့်ရက်တွင် အချိန်နာရီသာ ကွာခြားကြသော်လည်း အရေးတော်ပုံအောင်ကြောင်း လျှောက်ထားလာကြလေသည်။ မင်းတုန်းမင်းတရားကြီးကား ဝမ်းမြောက်တော်မူကာ "ငါ၏ ပညာရှိများ တင်သည်မှာ မှန်ပေသည်"ဟု မိန့်တော်မူကာ ပုရပိုက်ဖြူကို တောင်းယူပြီး ကတိထားတော်မူခဲ့သည့်အတိုင်း ဗြဟ္မစန္ဒာကို ပုဏ္ဏားဝန်ခန့်၊ ကန္နီမြို့စား ဦးဝိုက်ကို အတွင်းတော် အတွင်းဝန်ခန့် ဟူ၍ မိန့်တော်မူလေသည်။

သို့ရာတွင် ဆင်တဲရွာစား ဦးပေကိုကား လွှတ်တော်ဝန်ခန့်ရာမှာ မင်းတရားကြီးနှင့် မသက်ဆိုင်ဘဲ လွှတ်တော်နှင့်သာ ဆိုင်သဖြင့် ဝန်ကြီးမင်းများ သဘောတူ မတူကို မိန်းမစိုး ဦးစီကို လွှတ်၍ မေးတော်မူစေ၏။ ပခန်းမင်းကြီး ဦးရန်ဝေးက သဘောမတူကြောင်း သံတော်ဦးတင်လာသည်တွင် မင်းတုန်းမင်းတရားကြီးလည်း ထားခဲ့သောကတိကြောင့် စိတ်မကောင်းဖြစ်မိသည်။ သို့သော်

"လွှတ်တော်ဝန်ကြီးက သဘောမတူက ရှိစေတော့" ဟု ထုံးစံ ဥပဒေကိုမပယ်ခဲ့ချေ။ ဆင်တဲရွာစား ပညာရှိဦးပေကို ခေါ်၍ "လွှတ်တော် ဝန်ထောက်ထက် အဆင့်အတန်းမနိမ့်သော အတွင်းတော်မှာ အတွင်းဝန် ခန့်တော်မူမည်၊ ကျေနပ်ပါ၏လော မောင်မင်း" ဟု မေးတော်မူလျှင် ဦးပေက မည်သည့်နေရာက ထမ်းရွက်ရသည်ဖြစ်စေ ကျေနပ်ပါကြောင်း လျှောက်ထားလေသည်။

ရွှေနန်းတော်၏ အတွင်းတော်ရာထူးနေရာ ခန့်ထားရေးနှင့် ပတ်သက်လာလျှင် မင်းတရားကြီး၏ သဘောကျ အမိန့်အာဏာကိုသုံး၍ ခန့်ထားနိုင်ပါသည်။ သို့စေကာမူ လွှတ်တော်ကြီး၌မူကား တိုင်းပြည်၏ ကိုယ်စားလှယ်ဖြစ်သော ဝန်ကြီးတို့နှင့်သာ သက်ဆိုင်သဖြင့် ဝန်ကြီးတို့ သဘောကျ နှစ်သက်သူကိုသာ မင်းတရားကြီးထံ အမိန့်တော်ခံ၍ ခန့်ထား ထမ်းရွက်စေနိုင်ပါသည်။

မင်းတရားကြီးမှ လွှတ်တော်အတွက် ဆင်တဲရွာစား ဦးပေကို ကတိတော်အတိုင်း ခန့်ထားသော်လည်း လွှတ်တော် ဝန်ကြီးတို့က လက်မခံကြသောကြောင့် တရားမဝင်ဖြစ်ခဲ့ရ၏။ ထိုသို့ မင်းတရားကြီး အမိန့်တော်အရ မခန့်နိုင်ခြင်းသည်ပင်...

မင်းတုန်းမင်းအကြိုက်ကို ဝန်ကြီးမင်းတို့က အလိုမလိုက်၊ အကြိုက် မဆောင်ခြင်းပင် ဖြစ်ပါတော့သည်။

❀❀❀



## မင်းတုန်းမင်း၏လက်နက်တိုက်ဝန်မင်း

မင်းတုန်းမင်းတရားကြီး၏ အရေးပေးခံခဲ့ရသော မှူးမတ်များ ရတနာပုံရွှေနန်းတော်တွင် ရှိခဲ့ပါသည်။ ဤကဲ့သို့ အရေးပေးခဲ့ရသည့် အကြောင်းအရင်းများမှာလည်း မင်းတုန်းမင်းတရားကြီးတွင် ရှိခဲ့ပေသည်။ ထိုအကြောင်းများသည် ရာဇဝင်စာမျက်နှာများတွင် ထုတ်ဖော်ရေးသားထားခြင်း မရှိသောကြောင့် သာမန်အားဖြင့် သိနိုင်ဖွယ်ရာ အကြောင်းမရှိနိုင်ပါပေ။

ယင်းတို့အထဲမှ မင်းတုန်းမင်းတရားကြီး အရေးပေးခံရသူတစ်ယောက်မှာ ရွှေမြို့တော် လက်နက်တိုက်ဝန် ဦးအောင်မင်းဖြစ်ပါသည်။ လက်နက်တိုက်ဝန်မင်း၏တာဝန်မှာ ဓား၊ လှံ၊ သေနတ် ခဲယမ်းမီးကျောက်များကို သိုလှောင်

စုဆောင်းထားရ၏။ အရေးရှိလတ်သော် အဆင်သင့်ဖြစ်စေရန် စာရင်းနှင့် သိမ်းဆည်းမှတ်သားထားရ၏။ လွှတ်တော်မှ ဆင့်ဆိုသည့် အမိန့်အတိုင်း လက်နက်များကို ထုတ်ပေးရပါသည်။

ဦးအောင်မင်းသည် လက်ရုံးရည်နှင့် အမှုထမ်းသူသာ ဖြစ်၏။ စာပေကျမ်းဂန်ကိုကား မတတ်ပေ။ မင်းတုန်းမြို့စား မင်းသားဘဝတွင် နောင်တော်ပုဂံမင်းကို ပုန်ကန်၍ ညီတော် ကနောင်မင်းနှင့်အတူ ရွှေဘိုသို့ ထွက်စဉ်အခါက နောက်တော်ပါးက ဦးအောင်မင်းပါသည်။ ခရီးလမ်းအကြား တိုက်ပွဲများတွင်လည်း ဦးအောင်မင်းသည် ပွဲအကြိမ်ကြိမ်ရခဲ့၏။ ထို့ကြောင့် မင်းတရားကြီးသည် များစွာ ယုံကြည်ကိုးစားတော်မူ၏။

မင်းတရားကြီး ရွှေဘိုသို့ရောက်တော်မူပြီး တစ်ညဉ့်လွန်စွာ ထင်ရှားသောအိပ်မက် မက်၏။ ထိုအိပ်မက်တွင် မင်းတရားကြီးသည် အရေးတော်အတွက် စစ်သည်ဗိုလ်ပါတို့နှင့်အတူ တောတွင်းသို့ လှည့်လည့်သွားလာနေပေသေည်။ ထိုအခါ အလွန်မြင့်မားသော တောင်ထိပ်တစ်ခုအပေါ်တွင် အဝေးမှကြည့်သော် ပြိုးပြိုးပြက်ပြက် ဝင်းလက်နေသော ရတနာအတိဖြင့်ပြီးသည့် ဘီလူးမာန်တန်ဆာကို တွေ့ရ၏။ ထိုမာန်တန်ဆာ ဝတ်ဆင်လိုက်ပါက ရန်အပေါင်းတို့ကို





အောင်မြင်တော်မူလိမ့်မည်ဟူ၍ ငှက်အပေါင်းတို့ကလည်း ကြွေးကြော်နေသည်ကို ကြားရ၏။ မင်းတရားကြီးသည် ထိုဘီလူးမာန် တန်ဆာကို ဝတ်ဆင်လိုတော်မူသောကြောင့် ဗိုလ်မှူး၊ တပ်မှူးတို့အား ယူစေတော်မူသော်လည်း မည်သူမျှ ယူဆောင်ပေးနိုင်ခြင်းမရှိပေ။

သို့သော် အပါးတော်မှ အမြဲခစားလိုက်ပါနေသော ဦးအောင်မင်းသည် လက်ပမ်းပေါက်ခတ်၍

"ကျွန်တော်မျိုး ဆောင်ကြဉ်း ယူငင်ပေးပါမည်ဘုရား" ဟု လျှောက်တင်ပြီးလျှင် ရှေ့တော်မှာပင် တောင်ထိပ်အပေါ်သို့ အပြေးတက်၍ ဘီလူးမာန်တန်ဆာကိုယူပြီး မင်းတုန်းမင်းထံ ဆက်သလာ၏။ ထိုမာန်တန်ဆာကို မင်းတုန်းမင်း ဝတ်ဆင်လိုက်သည်နှင့် ရန်အပေါင်းတို့သည် ပျပ်ဝပ်ရိုကျိုးကြကုန်သည်ဟူ၍ အိပ်မက်တော်တွင် ထင်ရှားစွာ မြင်မက်တော်မူလေသည်။

ထိုအချိန်မှ အစပြု၍ မင်းတုန်းမင်းတရားကြီးသည် ဦးအောင်မင်းအား များစွာအရေးအရာပြုတော်မူပြီးလျှင်

"ငါ၏နောက်တော်ပါးတွင် ငယ်ကျွန်အောင်မင်းရှိနေသမျှ ငါသည် ရန်အပေါင်းတို့ကို အောင်မြင်ပေလိမ့်မည်" ဟူ၍ လက်ရုံးတော် ဆန့်တန်းကြိမ်းဝါးတော်မူလေသည်။ အရေးတော်ပြီးပြေသည့်အခါတွင် ယုံကြည်တော်

မှူရင်းရှိသည့်အလျောက် ဦးအောင်မင်းအား လက်နက်တိုက်ဝန် ခန့်တော်မူ၏။

ဦးအောင်မင်းသည် မင်းတုန်းမင်းကိုယ်တော်တိုင်က အရေးပေး မြှောက်စားမှန်းသိသဖြင့် ထင်ရာမြင်ရာစိုင်းတတ်လာသည်။ တိုင်းပြည်ငွေ၊ ဘုရင့်ငွေတော်များကိုလည်း ခပ်ပြောင်ပြောင်ပင် သုံးစားပစ်တတ်လာသည်။ ဝန်ကြီး၊ မှူးကြီးများကလည်း ယင်းကဲ့သို့ မလုပ်ထိုက်ကြောင်း မင်းတုန်းမင်းကြီးထံ လျှောက်ကြားသော်လည်း မင်းတုန်းမင်းကြီးသည် မိမိငွေတော်ထဲမှ စိုက်ထုတ်ပေးဆပ်သဖြင့် ဝန်ကြီး မှူးကြီးများ နောက်ထပ် မလျှောက်တင်ရဲကြတော့ပေ။

တစ်ခါသော် ညီလာခံအပြီးတွင် လက်နက်ပစ္စည်းဝယ်ရန်အတွက် လွှတ်တော်ဝန်ကြီးတို့က ဦးအောင်မင်းအား ငွေတော် ၅၀၀၀ ကျပ်ကို ထောင်ထုပ်ငါးထုပ် ထုပ်၍ ညီလာခံဆုံးဖြတ်ချက်အတိုင်း ချပေးလာသည်တွင် ဦးအောင်မင်းက မိမိအဆောင်ကိုင်တစ်ယောက်အားခေါ်၍ လွှတ်တော်ဝန်ကြီးများရှေ့တွင်ပင်

"ဟဲ့ကောင် ဒီအထဲက တစ်ထုပ်ကို ငါသုံးဖို့ အိမ်ယူသွား၊ သုံးစရာမရှိဘူး" ဟူ၍ ပြောင်ပြောင်ပင် ပြောဆိုမှာကြားပြီး ထွက်သွားလေသည်။ မှူးမတ်ဝန်တို့လည်း အံ့အားသင့်လျက် ကျန်ရစ်ခဲ့ကြ၏။ ထိုအကြောင်းကို နောက်





တစ်နေ့တွင် မင်းတရားကြီး ကြားသိတော်မူသော် ဦးအောင်မင်းအား အပါးတော်သို့ခေါ်၍

"မောင်အောင်မင်းရယ် နင်သုံးစရာမရှိရင် ငါ့ငွေတော်ကိုပဲ ယူပါကွယ်၊ တိုင်းပြည်ငွေကိုတော့ မလုပ်ပါနဲ့ကွယ်" ဟု၍ ချော့မော့ ပြောဆိုတော်မူ၏။

တစ်နှစ်တွင် ဦးအောင်မင်းသည် သားများ ရှင်ပြုရန်အတွက် အလှူကြီးပေးရန် မိမိ၏လက်နက်တိုက်ဝင်းအတွင်းရှိ အိမ်ရှေ့တွင် မဏ္ဍပ်ကြီးစွာ ဆောက်ထားလေသည်။ ယင်းမဏ္ဍပ်မှာ လက်နက်တိုက်တော်နှင့် လွန်စွာနီးကပ်နေသည့်အပြင် ရာသီဥတုမှာလည်း နွေဦးပေါက် လေပြင်းထချိန်ဖြစ်သောကြောင့် အလှူအတွင်း ချက်ပြုတ်ရာတွင် မီးကို စိုးရိမ်ရကြောင်း မှူးမတ်များက ဘုရင့်ရွှေနားတော်ကြား လျှောက်ထားကြလေရာ မင်းတရားကြီး ကိုယ်တော်တိုင် မဏ္ဍပ်ကို အမြန်ဖျက်စေဟု အမိန့်တော်မှတ်ရ၏။

ဦးအောင်မင်း၏ အလှူမဏ္ဍပ်ကို လာရောက်ဖျက်ကြသောအခါ ဦးအောင်မင်းသည် အိမ်ပေါ်မှ အသံကုန်ဟစ်၍

"ဘယ်မအေပေးတွေက မျက်နှာလိုမျက်နှာရ လုပ်တာလဲကွ" ဟူ၍ တိုင်းထွာဆဲဆိုပြီး အိမ်အတွင်းရှိ အလှူအတွက် ရည်စူးထားသော ပစ္စည်းများကိုပါယူ၍ မြို့ပြင်တွင်

ဖျက်၍ စုပုံထားသောမဏ္ဍပ်နှင့်အတူ မီးတင်ရှို့လိုက်တော့၏။

ထိုအကြောင်းကို နောက်တစ်နေ့တွင်မင်းတရားကြီး သိရှိတော်မူသဖြင့် ဦးအောင်မင်းအား အပါးတော်သို့ခေါ်၍

"မောင်အောင်မင်းရယ် ဖြစ်ပြီးတာ ရှိပါစေတော့ကွယ်၊ မင်းသားများ ရှင်ပြုဖို့ စေတနာဟာလည်း မပျက်ပါနဲ့ကွဲ့၊ ငါ့ငွေတော်နဲ့ပဲ ဒက္ခိဏာရာမကျောင်းမှာ သွားပြုချေပါကွယ်" ဟူ၍ မိန့်တော်မူကာ အတွင်းတော်မှ ငွေတော်တစ်ထောင်ထုတ်ပေးတော်မူပါသည်။

ဤသို့ဖြင့် မင်းတုန်းမင်းအပေါ်၌ ကျေးဇူးသစ္စာစောင့်သိပြီး လက်ရုံးရည်နှင့် ပြည့်ဝစွာ အမှုတော်ထမ်းခဲ့သော အိမ်တော်ပါငယ်ကျွန် ဦးအောင်မင်းအား မင်းတရားကြီးမှ အရေးပေးခဲ့ပုံများပင်ဖြစ်ပါသတည်း။

❀❀❀



## မင်းတုန်းမင်းတရားကြီးရဲ့ သူရဲဝန်

မင်းတုန်းမင်းတရားကြီး၏ အိမ်တော်ပါ လူယုံတစ်ဦးမှာ မောင်လုံးပင် ဖြစ်ပါသည်။ ဦးလုံးသည်လည်း ဦးအောင်မင်းကဲ့သို့ပင် စာပေကျမ်းဂန်များ မတတ်ရှာပေ။ သို့သော် လက်ရုံးရည်ဖြင့် အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်သူဖြစ်သည်။

ဦးလုံးသည် မွန်အမတ်ကြီးတစ်ဦးဖြစ်သော သမိန်လောက်ဖျား၏သမီး အောက်မြစ်စဉ်ခရိုင်စားဝန်ကြီး မင်းလက်ဝါး၏နှမ မမကြီးနှင့် အကြောင်းပါသည်။

ဦးလုံးသည် ဟံသာဝတီ အဝေးမြို့ဝန်အဖြစ် အမှုတော် ထမ်းနေရာမှ အရေးကြီးသောကိစ္စဖြင့် နေပြည်တော်သို့ ခေါ်တော်မူ၏။ ယင်းအခါတွင် မင်းတုန်းမင်းမှာ မင်းတုန်း

မြို့စားမှူးသာဖြစ်၏။ ရွှေဘိုမင်းသည် ဧရာဝတီမြစ်အတွင်း ရေတပ်တော်၏စစ်အင် ခင်းကျင်းကစားလေ့ကျင့်မှုကို ရှုစားတော်မူနေသည့်အချိန်ဖြစ်လေသည်။ ရွှေဘိုမင်း၏နောက်တော်ပါးမှ မင်းတုန်းမြို့စားမင်းသားနှင့် ညီတော် ကနောင်မင်းသားတို့လည်း ပါလာကြ၏။

ထိုသို့ ရွှေဘိုမင်း၏ ရေတပ်စစ်အင် ခင်းကျင်းမှုသဘင်ကြီး ပြီးဆုံး၍ ရွှေဘိုမင်း ရွှေနန်းတော်သို့ ကြွမြန်းတော်မူချိန်တွင် မင်းတုန်းမြို့စားညီနောင်တို့သည် နန်းတော်သို့ လိုက်မပြန်ကြသေးဘဲ ရင်းရဲကျောက်ဆောင်ဆိပ်ကမ်းတွင် လှေလှော်ပျော်ပါး ရေကစားလျက် ရှိနေကြလေသည်။ ထိုစဉ် မိုးသက်မုန်တိုင်းကျလာသည်နှင့် မင်းသားများလှေသည် ကမ်းသို့မကပ်နိုင်ဘဲ မျောပါသွားရာ ကျောက်ဆောင်တစ်ခုနှင့် တိုက်မိပြီး လှေမှောက်လေတော့၏။ မင်းသားနှစ်ပါးလည်း ကမ်းသို့ကူးခတ်ကြရာ လက်ပန်းကျပြီး မြုပ်ချည်ပေါ်ချည်ရှိနေစဉ် ဟံသာဝတီမှလာသော ဦးလုံးတို့၏လှေနှင့် တွေ့ရှိပြီး ဦးလုံးသည် ကိုယ်တိုင်မြစ်အတွင်းသို့ ခုန်ဆင်းကာ လက်ပန်းကျနေသော မင်းသားနှစ်ပါးအား ဆယ်တင်၍ အသက်ကယ်တော်မူသည်။ ထို့ကြောင့် မင်းတုန်းမင်းသည် ညီလာခံဗိုလ်ပုံအလယ်တွင်

“ငါ့မှာ မောင်လုံးအသက်ပဲ ရှိပေတော့သည်”ဟူ၍ မိန့်တော်မူလေ့ရှိပါသည်။





သက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် မင်းတုန်းမင်းသား အထွတ်အမြတ်သို့ ရောက်တော်မူသောအခါ ညီတော် ကနောင်မင်းသားအား အိမ်ရှေ့အရာ အပ်နှင်းသည့်နေ့မှာပင် ဟံသာဝတီအဝေးမြို့ဝန် ဦးလုံးအား အမြင့်မြို့ကို အပိုင်စားစေ၏။ ရွှေပြည်မြင်းဝန်၊ သူရဲဝန်ရာထူးဖြင့် တိုးမြှင့်သနားတော်မူလေသည်။

ထို့နောက် တလုပ်မြို့ ကိုးခရိုင်ဝန်ရာထူးတို့ဖြင့် ထပ်မံသနားတော်မူပြီး အမှုတော်ကို ရွပ်ရွပ်ချွံချွံ ထမ်းရွက်နိုင်သောသတ္တိများကြောင့် ရှေ့ဝင်းတော်မှူးရာထူးကို တိုးမြှင့်သနားတော်မူပြန်သည်။ သတိုးမင်းကြီး သမိန်ဗေဗြတ်စဟူသော ရွှေဘွဲ့တော်ကို ချည်တော်မူ၏။ ရွှေကျိုင်း ၂ လက်၊ ရွှေထီး ၂ လက် ရသည်။ ကွမ်းစဉ်တိုင်ရွှေချ၊ စကြာအိမ် ၂ ထပ် ရသည်။ ရွှေလှော်ကားနှင့်တလာ ကကြိုးတန်ဆာအပြည့်အစုံနှင့် ဆင်တော်တစ်စီးကိုလည်း ရသည်။

ထိုသူရဲဝန်မင်း ဦးလုံးသည် ကိုးခရိုင်ဝန်အဖြစ် အုပ်ချုပ်စဉ်အခါက ကိုးခရိုင် တစ်ခရိုင်လုံး နေ့ည တံခါးဖွင့်အိပ်နိုင်သည်ဟုဆို၏။ သူခိုး၊ ဓားပြကင်း၍ ငြိမ်ဝပ်ပိပြား၏။ ယင်းသို့ ပြင်းမြှင်းထန်ထန် အုပ်ချုပ်သည်ကို မင်းတုန်းမင်းတရားကြီးက မကြိုက်ပေ။ အခြားမှူးတော်၊ မတ်တော်များကလည်း ကုန်းချောကြ၏။ မင်းတရားကြီးက မယုံကြည်ပေ။ မှူးတော် မတ်တော်များ၏ရှေ့မှာပင်

"ငါ့မှာ မောင်လုံးအသက်ပဲ ရှိပေတော့သည်။ သူ ဘာပဲလုပ်လုပ် သည်းခံကြပါ" ဟူ၍ပင် မိန့်တော်မူကြောင်း သိရ၏။ သူရဲဝန်ကိုကား ကြောက်၍သာ ခံကြရသည်။ လူမုန်းအတော်များ၏။

သူရဲဝန်ဦးလုံးသည် သစ္စာရှိသလို သတ္တိလည်းပြောင် ပေသည်။ ကျောက်စီရွှေဓားကို အမြဲလက်ကကိုင်ကာ အပါး တော်တိုင်အောင် ကိုင်ဆောင်သွားလာခွင့်လည်း ပေးထား၏။

တစ်နေ့သော် ညီလာခံတွင် မှူးမတ်အပေါင်းခြံရံ လျက် မင်းတရားကြီး စံနေတော်မူသည်။ ညီလာခံသဘင် နေရာတော်ချထားသည့်အတိုင်း ခစားနေကြရသော လွှတ် တော်ဝန်ကြီး မှူးကြီး မတ်ကြီးများကသာလျှင် ရှေ့တော် နေရာကို ရကြ၏။ သူရဲဝန်မှာကား ထိုဝန်ကြီးများ၏နောက် တန်းကျကျနေရာကနေ၍ ခစားရသည်ကို သူရဲဝန်ဦးလုံး မကြိုက် ပေ။ အရှင်သခင်၏ မျက်နှာတော်ကို နီးနီးကပ်ကပ် ဖူးမြော် ခစားချင်ရှာသည်။ သို့စေကာမူ ရာထူးရာခံအရ အခွင့်အရေး မရသောကြောင့် နောက်တန်းကနေ၍ မင်းတုန်းမင်းတရားကြီး ကြားတော်မူလောက်သည့်အသံဖြင့်

"အသက်စွန့်စရာရှိတော့ ငလုံးတို့ကွ၊ ဘုရင့်အနား ကပ်ပါးရပ်ပါးနဲ့ အခွင့်အရေးယူစရာရှိတော့ ရှေ့ကမအေပေး တွေချည်းပဲ" ဟူ၍ပြောရာ ညီလာခံဝင် မှူးမတ်များအားလုံး





ကြားရသဖြင့် စိတ်မကောင်းကြပေ။ နောက်တစ်နေ့တွင် မင်းတုန်းမင်းတရားကြီးသည် ဦးလုံးအား အပါးတော်သို့ ခေါ်တော်မူပြီး

"မောင်လုံးကလည်း သည်းခံမှပေါ့ကွယ်၊ တကယ် ဆို မင်းဟာ ငါ့အသက်သခင်ပဲဟာ၊ မင်းနေချင်တဲ့နေရာက နေနိုင်သားပဲ မဟုတ်လားကွဲ့၊ သူများကို မပေးဖူးတဲ့အဆောင် အယောင်တွေလည်း မင်းမှာ အများကြီးပဲ၊ မင်းက မှူးမတ် တွေအပေါ်စော်ကားရင် နင့်မုန်းတာနဲ့ တိုင်းပြည်ပါ တိမ်းပါး နိုင်တယ် မောင်လုံးရယ်" ဟူ၍ ဆုံးမပြီး တစ်နေ့က ပြောမိ ဆိုမိသမျှကို ဝန်ကြီးများအား တောင်းပန်ရှိခိုးရမည်ဟူ၍ ချော့မော့သဖြင့် နောက်တစ်နေ့ ညီလာခံတွင် ဦးလုံးသည် အုန်းငှက်ပျော ကန်တော့ပွဲဖြင့် ဝန်ကြီးများအား ဝန်ချ တောင်းပန်၍ ကန်တော့ရှာပါသည်။

သက္ကရာဇ် ၁၂၂၈ ခုနှစ် မြင်ကွန်း မြင်းခုံတိုင် သား တော်ကြီးများအရေးတွင် သူရဲဝန်ဦးလုံးသည် မင်းတုန်းမင်း တရားကြီး နောက်တော်ကပါသည်။ ရုတ်ရုတ်သဲသဲကြား သည်နှင့် ကျောက်စီရွှေဓားကို ဓားအိမ်မှချွတ်၍ မင်းတုန်း မင်းတရားကြီးနှင့်အတူ စံနန်းတော်အနောက်ဘက်သို့ ထွက် လာ၏။ မင်းတုန်းမင်းကြီးအား သားတော်မက္ခရာမင်းသားက ခေါ်ဆောင်၍ အနောက်ဘက်တံခါးသို့အထွက်တွင် သူပုန်

များ နန်းတော်တွင်းသို့ ရောက်လာကြ၏။ သူပုန်တပ်ဖွဲ့ငယ်ခေါင်းဆောင် ငဖြူသီးသည် စံနန်းတော်အတွင်း သူရဲဝန်ဦးလုံးနှင့် တွေ့၍ လက်နက်ချစေရာ ဦးလုံးမှ လက်နက်မချ။ ငဖြူသီးက

"ဝန်မင်း လက်နက်ချ၊ သစ္စာတော်ခံပါ"ဟု ဆိုသော်လည်း သရဲဝန်သည် လက်နက်မချဘဲ ကျောက်စီဓားဖြင့် ခုခံသည်တွင် ငဖြူသီး၏ ရဲမက်တစ်ယောက်က နောက်မှနေ၍ သူရဲဝန်ကို ပိုင်းလိုက်သည်။

မြင်ကွန်း မြင်းခုံတိုင်သားတော်များ အရေးတော်ပြီးပြေသည့်အခါတွင် သူရဲဝန်၏အလောင်းကို ရှာ၍မတွေ့ဖြစ်သည်။

ယင်းသူရဲဝန် ဦးလုံးကား မင်းတုန်းမင်းတရားကြီးအပေါ်၌ အသက်ပေး၍ အမှုတော်များကို ထမ်းဆောင်လာခဲ့သူ တစ်ယောက်ဖြစ်ပြီး မင်းတရားကြီးကိုယ်တော်တိုင်မျက်နှာသာပေးခံရသော အတွင်းတော်မှူးမတ်တစ်ဦးပင် ဖြစ်



## မင်းတုန်းမင်းတရားကြီးနှင့် ဦးရန်ဝေး

ပခန်းမြို့စားကြီး ဦးရန်ဝေးသည်လည်း မင်းတုန်းမင်းတရားကြီးမှ အရေးပေးခံရသော လွှတ်တော် ဝန်ကြီးတစ်ဦးပင်ဖြစ်၏။ ဦးရန်ဝေးသည် မင်းတုန်းမင်းတရားကြီး၏ငယ်ဆရာ တစ်ပါးလည်းဖြစ်ပါသည်။

ဦးရန်ဝေးသည် သက္ကရာဇ် ၁၁၇၄ ခုနှစ်ဖွား၊ ပခန်းကြီးဇာတိ ဖြစ်၏။ မင်းတုန်းမင်းသား ဘုရင်ဖြစ်လာသော်မင်းကျောင်းဆရာတော် ဦးရန်ဝေးကို လူဝတ်လဲစေပြီး မင်းတိုင်ပင် လွှတ်တော်ဝန်ကြီးအရာဖြင့် ပခန်းမြို့ကို အပိုင်စားသူကောင်းပြုတော်မူသည်။

ပခန်းမင်းကြီး လူထွက်ပြီးနောက် များမကြာမီမိဖုရား ခေါင်ကြီးနှင့်တိုင်ပင်၍ ပခန်းမင်းကြီးကို ရွှေဘိုမင်း၏

မိဖုရား ငယ်တစ်ယောက်ဖြစ်သည့် သန်လျင်မြို့စားနှင့် လက်ထပ် ထိမ်းမြားပေးလေသည်။ နေ့စဉ် ည နံနက် ပခန်းမင်းကြီး အိမ်တော်သို့ မင်းတရားကြီးက ပွဲတော် ၂ အုပ်ကျပေးပို့စေလေသည်။ လစာတော်ငွေ နှစ်ထောင်ကျပ်ရသည့်အနက် မင်းကြီးကတော်အား တစ်ထောင်ပေးပြီး ကျန်တစ်ထောင်အနက် မိမိကိုယ်တော်တိုင် ငါးရာကျပ်ကိုသုံး၍ ကျန်ငါးရာကျပ်ကို ငယ်သားအမှုထမ်းများကို လုပ်ရည်ကိုင်ရည်အဖြစ် ခွဲဝေချီးမြှင့်လေ့ရှိပါသည်။

တစ်နေ့သော် ကရင်နီတောင်စော်ကဲက ကရင်နီနယ်ကို သိမ်းယူရန် သံတော်ဦးတင်လွှာဆက်သသည်ကို မင်းတုန်းမင်းတရားက သိမ်းယူရန် အမိန့်တော်မြတ် ချမှတ်၍ လွှတ်တော်သို့စေသည်။ လွှတ်တော်သို့ မင်းတရားကြီးအမိန့်တော်စာ ရောက်သည်နှင့် ပခန်းမင်းကြီး ဦးရန်ဝေးသည် အမိန့်စာချွန်ကို ဆုတ်ပစ်လိုက်တော့၏။ ပြီးမှ

"မင်းတို့ဘုရင်က တောင်နားမလည် မြောက်နားမလည်နှင့် ဒီလိုအမိန့်ထုတ်ရသလား" ဟူ၍ နားတော်ခံအား ပြောဆိုကြိမ်းမောင်းလွှတ်လိုက်သည်။

မင်းတုန်းမင်းတရားကြီးလည်း များစွာအမျက်ထွက်တော်မူပြီး နန်းတော်တွင်းသို့ ချက်ချင်းအခစားဝင်စေဟု အမိန့်တော်မြတ် မှတ်သည်ကိုလည်း ပခန်းမင်းကြီးက





"ငါ့မှာ တိုင်းရေးပြည်ရေးအတွက် အလုပ်ရှုပ်နေတယ်၊ မင်းတို့ ဘုရင်အားအားရှိခေါ်တိုင်း ငါမလာနိုင်ဘူး" ဟု ပြောလွှတ်ပြီး နန်းတော်သို့ နောက်ငါးရက်ကြာမှ ဝင်လေသည်။

ထိုအခါ မင်းတုန်းမင်းကြီးက

"အဘယ့်ကြောင့် ငါ့အမိန့်တော်မြတ်ကို ဖျက်ရသနည်း" ဟု အမေးတော်ရှိလေသော် ပခန်းမင်းကြီးဦးရန်ဝေးက

"ဤအရာသည် ဘုရင့်အလုပ်မဟုတ်၊ လွှတ်တော်ဝန်ကြီးများ ရှိပါလျက် ဘုရင်က မေးသင့်သည်သာ၊ ကရင်နီနယ်ကိုသိမ်းလျှင် ယိုးဒယား (ထိုင်း) နယ်စပ်ဖြစ်သွားလိမ့်မည်။ ကုလားများကလည်း ထကြွလာမည်။ လွှတ်တော်မတိုင်ပင်ဘဲ အရမ်းအမိန့်ထုတ်နေလျှင် လွှတ်တော်ကို အဘယ့်ကြောင့်ထားသေးသနည်း။ ဖျက်သိမ်းသင့်တော့သည်" ဟုဆို၍ ညီလာခံမှဆင်းသွားတော့၏။

တစ်ခါသော် မင်းတုန်းမင်းတရားကြီးသည် အမှုထမ်းဝန်စုမှူးစုတို့ကား မယားတစ်ယောက်မက အမြှောင်အပိုထားကြသည့်အတွက် ရရှိသောရိက္ခာတော်ငွေနှင့် မလောက်မငရှိကြ၍ တံစိုးလက်ဆောင်စားကြသည်ကို သိတော်မူသဖြင့် တစ်လင်တစ်မယားစနစ်ထက်မပိုရန် ဥပဒေပြုလုပ်မှ သင့်

မည်ထင်ကြောင်းနှင့် ပခန်းမင်းကြီးဦးရန်ဝေးအား ကိုင်ပင်တော်မူသည်။ ပခန်းမင်းကြီးသည်

"မင်းတရားကြီး မိန့်တော်မူသည့်ဥပဒေကို များစွာကြိုက်နှစ်သက်ပါသည်။ သို့သော်လည်း ဝန်ကြီး၊ မှူးကြီးများအတွက်သာ ဥပဒေမထားဘဲ ရှင်ဘုရင်ကိုပါ ဤဥပဒေဆောင်အတွင်းထားလျှင် များစွာသင့်လိမ့်မည်ထင်ကြောင်းပါဘုရား" ဟု လျှောက်ထားသဖြင့် မင်းတုန်းမင်းတရားကြီးသည် ခပ်မဆိတ်နေတော်မူလေသည်။

တစ်နေ့သော် အဝေးမြို့ဝန်တစ်နေရာ လစ်လပ်လျက်ရှိနေရာ အတွင်းတော်က အဝေးမြို့ဝန်ရာထူးကို တိုက်ရိုက်ခန့်စာတစ်စောင် လွှတ်တော်သို့ ပို့စေလေသည်။ ခန့်ထားသူမှာ မိဖုရားကြီး၏ ဆွေမျိုးသားချင်းတစ်ဦးဖြစ်နေသည်။ ပခန်းမင်းကြီးဦးရန်ဝေးထံ ခန့်စာရောက်လာသော်

"ဟေ့ ရှင်ဘုရင်က ခန့်ပေမယ့် ငါမခန့်နိုင်ဘူး" ဟု ဆိုပြီး အမိန့်စာချွန်တော်ကို ဆုတ်ဖြဲပစ်လိုက်၏။ ယင်းသတင်းသည် အတွင်းတော်သို့ ရောက်သွားပြီး ညညီလာခံသဘင်တွင် မင်းတုန်းမင်းက မကျေမနပ် မေးတော်မူသည်ကို ပခန်းမင်းကြီးက

"လွှတ်တော်ဝန်ကြီးများသည် မိဖုရားများ၏ အမှုတော်ကို ထမ်းရွက်နေသည်မဟုတ်၊ ဘုရင်ကိုယ်စား တိုင်း





ပြည် ငြိမ်ဝပ်ပိပြားအောင်ပြုလုပ်ရမည့် တာဝန်ရှိသည်၊ အစဉ်အလာမှာလည်း လွှတ်တော်ဝန်ကြီးများကသာ အဝေးမြို့ဝန်ကို သင့်တော်ရာ ရွေးချယ်၍ ခန့်ထားရခြင်း ဖြစ်သည်။ အရွေးအခန့်မတော်၍ အအုပ်အချုပ်ညံ့ဖျင်းခဲ့သော် တိုင်းပြည်ပင် ငါးပါးမှောက်မည်။ ထိုအခါ ဝန်ကြီးနှင့်တကွ ရှင်ဘုရင်အသုံးမကျကြောင်း ထုတ်ဖော်ပြသည်နှင့် တူနေပေသည်။ ဒါကြောင့် အမိန့်တော်ကို ဆုတ်ပစ်ခြင်းဖြစ်ကြောင်းပါ" ဟု လျှောက်ထားပြီး နန်းတော်ပေါ်မှ ဆင်းသွားတော့သည်။

ပခန်းမင်းကြီးသည် လောကမာရဇိန် ဘုရားပွဲနေ့၌ ဘုရားဖူးသွားလေရာ လမ်းခရီး၌ အတွင်းဝန်ကတော်တစ်ယောက်သည် လှည်းယာဉ် ခြောက်စထောင်ကိုစီး၍ ရွှေထီးမိုးထားပြီး အဆောင်ကိုင်များ ဝန်းရံလျက် သွားနေသည်ကို မြင်တွေ့ရာ မိမိလှည်းသမားအား ကြိမ်လုံးဖြင့်ဆင်း၍ အရိုက်ခိုင်းတော်မူ၏။ အုတ်အုတ်ကျက်ကျက်ဖြစ်၍ အတွင်းဝန်ကတော်လည်း အရှက်ရပြီး နေအိမ်ပြန်ကာ အတွင်းဝန်ကို တိုင်ကြားလေတော့သည်။ ယင်းအဖြစ်သနစ်ကို မင်းတရားကြီးနားတော်သို့ ပေါက်ကြားပြီး ညညီလာခံတွင် ပခန်းမင်းကြီးဦးရန်ဝေးအား

"အဘယ့်ကြောင့် ဤသို့ဆုံးမရကြောင်း" ကို မေးတော်မူ၏။ ပခန်းမင်းကြီးက

"ဝန်ကတော်အား ဆင်းရဲသား ကျွန်တော်မျိုးများက မြင်လျှင် သူ့လင်သည် တံစိုးလက်ဆောင်ရ၍ ဤသို့ခမ်းနားကြီးကျယ်စွာ သွားလာနိုင်ပေသည်ဟု ထင်မှတ်ကြလိမ့်မည်။ လင်ကို ချီးမြှောက်တော်မူသည့် ရိက္ခာတော်နှင့် အဆမတန် အောင် စိတ်ကြီးဝင်ပြီး သွားလာနေသဖြင့် ရိက်ရကြောင်း" လျှောက်ထားလေသည်။

သက္ကရာဇ် ၁၂၂၈ ခုနှစ်တွင် မြင်ကွန်း မြင်းခုန်တိုင် အရေးတော်ပုံတွင် ပါဝင်ပတ်သက်သူများကို သူပုန်အဖြစ် ဖမ်းဆီးပြီး လွှတ်တော်သို့ ပို့အပ်ရမည်ဟူ၍ မင်းတုန်းမင်းတရားမှ အမိန့်တော်မြွက် မှတ်တော်မူ၏။ ထိုအမိန့်တော် အတိုင်း အဝေးမြို့ဝန် မြို့သူကြီးတို့သည် မိမိတို့နှင့် မသင့်မြတ်သူများနှင့် မလိုသူတို့အား သူပုန်အဖြစ် ရော၍ထည့်သွင်း ချုပ်နှောင်ကာ ပို့လာသောကြောင့် ထောင်တန်းမဆံ့ ဖြစ်နေသဖြင့် ပခန်းမင်းကြီးသည် နောက်ထပ်သူပုန်ဟူ၍ မဖမ်းစေနှင့်တော့ဟူ၍ အဝေးမြို့ဝန် မြို့သူကြီးတို့အား အမိန့်ထုတ်ဆင့်လေတော့သည်။

ယင်းပခန်းမင်းကြီး၏ ထပ်ဆင့်အမိန့်ကို မင်းတရားကြီးကြားသိတော်မူသောအခါ အတွင်းတော်သို့ခေါ်ပြီး မေးတော်မူရာ ပခန်းမင်းကြီးမှ

"ဤကိစ္စတွင် မင်းတရားကြီး တာဝန်မကင်းဖြစ်





သည်။ သူပုန်များသည် သားတော် မြင်ကွန်းစား၏ သူပုန်များဖြစ်သည်။ သားမကောင်း၍ နီးရာဓားကို ကြောက်ရပြီး လိုက်ပါရသည်မှာလည်း ကိုယ့်သားမကောင်း၍ ကိုယ့်တာဝန်သာဖြစ်ချေသည်။ အဝေးမြို့ဝန်တို့သည် ချက်ကောင်းကိုယူပြီး ရာထူးစည်းစိမ်ချမ်းသာကို မျှော်ကိုးပြီး မိမိနှင့်မသင့် မလိုသူတို့ကို သူပုန်အဖြစ် ဆွဲထည့်နေကြသည်ကို မင်းတရားကြီး နန်းတော်ထဲနေပြီး ဘာသိတာလဲ"ဟု ပြောဆိုကာ နန်းတော်တွင်းမှ ထွက်သွားလေတော့၏။

ပခန်းမင်းကြီး၏နှမ မယ်နီသည် လင်သားသေဆုံးသွားသဖြင့် ခိုကိုးရာမဲ့ဖြစ်ပြီးလျှင် ရွှေမြို့တော်သို့ လိုက်လာခဲ့၏။ မင်းကြီးကတော်သည် မယ်နီအား သင့်တော်သော နေရာချ၍ထား၍ ကျွေးမွေးပြုစုထား၏။ ပခန်းမင်းကြီးသည် နှစ်ရက်မျှကြာလျှင် ဘုရင်ပန်းထိမ်တော်သို့သွား၍ ဘုရင်က ခိုင်းစေထားသော ရွှေပုခက်တော်ကို ပန်းထိမ်တော်သားများက ကျောက်မျက်ရတနာများ စီခြယ်မွမ်းမံနေသည်ကို တွေ့ရ၏။ ထိုသို့ ပြုလုပ်ရာမှ ဘုရင့်ထံမှ ထုတ်ယူထားသည့် ရွှေများပိုလျှံနေသော ၄၅ ကျပ်သားရှိ ရွှေတုံးတစ်တုံးကို ပခန်းမင်းကြီးသည် ကောက်ယူပြီး

"ဒီရွှေတုံးကို နန်းတော်တွင်းကမေးလျှင် ငါယူသွားတယ်လို့ လျှောက်လိုက်ကြ"ဟူ၍ ပြောပြီး ယူသွားတော့

သည်။ ပန်းထိမ်တော်သားများလည်း ကြောက်ရွံ့တုန်လှုပ်စွာဖြင့်

"ကျွန်တော်မျိုးတို့အသက်ကို ညှာတာသောအားဖြင့် ယူမသွားပါနှင့် မင်းဘုရား"ဟု ဝိုင်း၍တောင်းပန်ကြသော်လည်း ပခန်းမင်းကြီးက

"နင်တို့ ဘာမျှမဖြစ်စေရ၊ ငါ တာဝန်ယူသည်။ ငါယူသွားသည်ဟုသာ လျှောက်ထားကြ"ဟု ဆိုကာ ဇွတ်ယူသွားလေတော့သည်။ အိမ်သို့ပြန်ရောက်သောအခါ နှမဖြစ်သူ မယ်နီကိုခေါ်၍ ရွှေတုံးကိုပေးပြီးနောက်

"ဒါဟာ မင်းတရားကြီးက ပေးတာမဟုတ်ဘူး၊ ငါ ပန်းထိမ်တော်က ယူလာသည့်ပစ္စည်းဖြစ်သည်" ဟု ဆိုလေသည်။

ယင်းသို့ဖြစ်ပြီး နှစ်ရက်မျှကြာပြီးမှ မင်းတုန်းမင်းတရားကြီး နားတော်ကြား၍ ပခန်းမင်းကြီးအိမ်တော်သို့ ယောအတွင်းဝန် ဦးဖိုးလှိုင်ကို လွှတ်၍ စုံစမ်းစေတော်မူလေသည်။ ထိုအခါ ပခန်းမင်းကြီး ဦးရန်ဝေးက

"မောင်လှိုင် ငါဟာ မင်းတရားကြီး၏ ရွှေတုံးကို ယူလာရခြင်း အကြောင်းမှာ ငါ့တွင် ဆင်းရဲသော လင်သေမုဆိုးမ နှမ မယ်နီကို အစ်ကို၏ ဝတ္တရားအတိုင်း ပြုစုစောင့်ရှောက်ချင်လို့သာဖြစ်တယ်။ သို့သော် ငါ့မှာလဲ ရသည့်





ရိက္ခာတော်က လောက်ငရုံပဲ ဖြစ်၍နေတယ်။ အပိုမရှိဘူး မောင်လှိုင်ရဲ့၊ လာဘ်လာဘ တံစိုးလက်ဆောင်ဆိုတာကိုလည်း ငါဘယ်တော့မှ မယူခဲ့။ ဒါကြောင့် ခိုးခြင်းခိုးလျှင် ကိုယ့်အရှင်သခင်ရဲ့ပစ္စည်းကိုခိုးပြီး အပြစ်ပေးလျှင်လည်း ကိုယ့်အရှင်သခင်ရဲ့ ပေးသည့်အပြစ်ကို ခံရသည်က မြတ်ကယ်လို့ ငါအောက်မေ့တယ်၊ နောင်သံသရာမှာ အတုံ့အလှည့်ခံရလျှင်လည်း ကိုယ့်အရှင်သခင်အိမ်မှာပဲ ခွေးဖြစ်ဖြစ်ခံရတာက ချမ်းသာမယ်လို့ ငါထင်တယ် မောင်လှိုင်ရယ်"ဟု ပြောဆိုလေသည်။

ထိုစကားများကို မင်းတုန်းမင်းတရားကြီး သိတော်မူလျှင် များစွာနှစ်သက် သဘောကျတော်မူ၍ ပခန်းမင်းကြီး ယူသွားရသော ရွှေတုံးကို အတွင်းတော်က ငွေတော်တစ်ထောင်ပေး၍ ရွေးတော်မူစေသည့်အပြင် ဆင်းရဲနွမ်းပါးလှသော ပခန်းမင်းကြီး ဦးရန်ဝေး၏နှမ မယ်နီကိုလည်း နန်းတော်အနောက်ဆောင်မှ မိဖုရားများက ခေါ်တော်မူပြီး အကျီအဝတ်အစားများပေးကြသဖြင့် မယ်နီအတွက် ပြည့်စုံလျက် ရှိသည်ကို ပခန်းမင်းကြီးမြင်လျှင်

"မယ်နီ နင် ပခန်းပြန်ရောက်လျှင် ဒီပစ္စည်းများနှင့် ငွေတွေကို ငါကပေးသည်ဟု မပြောလေနှင့်၊ မင်းတရားကြီးနှင့်မိဖုရားတို့က ပေးကမ်းချီးမြှင့်ကြောင်း ပြောပြပါလေ၊

နင်လည်း နောက်ထပ် ငါ့ထံမလာနိုင့်တော့၊ ဒီအချိန်ကစ၍ နင်နှင့်ငါ နောက်ဆုံးတွေ့ခြင်းပဲမှတ်" ဟု ပြောကာ မယ်နီကို နေရင်းပခန်းသို့ ပြန်လွှတ်လိုက်လေသည်။

ဖော်ပြပါ အဖြစ်အပျက်များကား

ပခန်းမင်းကြီး ဦးရန်ဝေး၏

ဂုဏ်သတ္တိနှင့် မင်းတုန်းမင်းတရားကြီးက အရေးပေးရသော အတွင်းရေးများပင်ဖြစ်ပါသတည်း။

❀❀❀



## မင်းတုန်းမင်းတရားကြီးနှင့် ထန်းပင်ရှိင်း

သက္ကရာဇ် ၁၂၃၄ ခုနှစ် နယုန်လပြည့်နေ့တွင် မင်းတုန်းမင်းတရားကြီးသည် ရွှေမြို့တော်လေးပြင်လေးရပ်ရှိ တံဆိပ်တော်ရ မရ ဆရာတော် သံဃာတော်မထေရ်အပါး ၅၀၀ ကျော်ကို ဇေတဝန်ဆောင်တော်သို့ ပင့်ဖိတ်တော်မူလျက် ဆွမ်းကပ်တော်မူလေသည်။

မင်းတုန်းမင်းတရားကြီးသည် ကြည်ညို သဒ္ဓါကြည်လင်တော်မူသဖြင့် ကိုယ်တော်တိုင် ဆွမ်း၊ သစ်သီး၊ ခဲဖွယ်၊ သောဇဉ်၊ ချိုချဉ်တို့ကို ကပ်တော်မူပြီး သပ္ပာယဖြစ်ဖွယ်များ ဘုဉ်းပေး သုံးဆောင်တော်မူကြကုန်သော သံဃာထေရ်အရှင်တို့အား ကြည်ညိုဖူးမြော်၍ ရွှင်လန်းဝမ်းမြောက်တော်မူနေလေသည်။ ဆွမ်း ကွမ်းများ ဘုဉ်းပေးတော်မူပြီးနောက်

ရဟန်းသံဃာတော်များ သပ္ပာယဖြစ်အောင် သီတင်းသုံးတော်မူစေလိုသဖြင့် အတွင်းတော်မှ မီးအုံးတော်များကို ထုတ်ပေးတော်မူပြီး အရှင်မြတ်များနှင့် မင်းတုန်းမင်းတရားကြီးသည် အေးချမ်းစွာ ဟောပြောတော်မူကြကုန်၏။

ထိုသို့ ဟောပြောနာယူနေခိုက် မင်းတုန်းမင်းတရားကြီး၏ စိတ်တော်တွင် ရဟန်းသံဃာတော်တို့၏ ချမ်းသာလှစွာသောဘဝကို စဉ်းစားတော်မူမိရင်းက ရွှေစိတ်တော် လွတ်လပ် ကြည်ရွှင်လာသည့်အလျောက် လွတ်လပ်စွာမေးမြန်းလျှောက်ထားလိုသည့်ဆန္ဒများ ထိန်းမနိုင်၊ သိမ်းမရ ဖြစ်ပေါ်လာလေသည်။ ထို့ကြောင့် မင်းတရားကြီးသည် ဆရာတော်အရှင်မြတ်တို့အား

"အရှင်မြတ်များတို့ကို တပည့်တော် လျှောက်ထားမေးမြန်းခွင့်ပြုပါဘုရား၊ အရှင်ဘုရားတို့မှာ ဗုဒ္ဓမြတ်စွာသခင်၏ သားတော်များဖြစ်သည့် အားလျော်စွာ မြို့တွင်းမြို့ပြင်လေးရပ်တွင် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က သဒ္ဓါကြည်လင်စွာဖြင့် မြိန်ရှက်စဖွယ် အဆီအအိမ့် ဆွမ်းဟင်း၊ ခဲဖွယ်၊ ချိုချဉ်တွေကပ်ပြီး လှူဒါန်းသမျှကိုလည်း အရှင်ဘုရားများက အားပါးတရ ဘုဉ်းပေးသုံးဆောင်တော်မူကြပါသည်။ ဒီအစာအာဟာရတွေနှင့် ဖိန့်အိန့်အဆီတွေရစ်ပြီး နေတော်မူကောင်း နေပါလိမ့်မည်ဘုရား။ အဲဒီလို





အဆီရစ်ပြီး တင်းမာလာသည့်အခါကျတော့ အရှင်ဘုရားတို့မှာ သီတင်းသုံးနေတော်မူတဲ့ ကျောင်းဆောင်မှာ တစ်ခါတစ်ရံ သွေးသားလှုပ်ရှား သောင်းကျန်းမှုများ မဖြစ်ပေါ်ပေဘူးလားဘုရား၊ တပည့်တော် လျှောက်ထားလိုတာကသည်လိုသွေးသားလှုပ်ရှား သောင်းကျန်းမှုတွေ ဖြစ်နေလျှင် 'မုတ္တစာဂ' ဆိုတဲ့ သံသရာမှ ထွက်မြောက်ဖို့ ကျင့်ကြံခြင်းပွားများအားထုတ်ခြင်းဆိုတာတွေ . လျော့နည်းပါးလာပြီး အရှင်မြတ်များ ထိန်းသိမ်းရမည့် သိက္ခာပုဒ်များကိုသော်မှ စောင့်ထိန်းခြင်းမှာ အကျပ်အတည်း တွေ့လိမ့်မည်လော့ဟု တပည့်တော် သံသယများဖြစ်ပေါ်လာသောကြောင့် လျှောက်ထားမေးမြန်းရခြင်း ဖြစ်ပါသည်ဘုရား"

မင်းတုန်းမင်းတရားကြီး၏ လျှောက်ထားမေးမြန်းသည်တွင် ဆွမ်းစားကြွလာကြကုန်သော ရဟန်းသံဃာအပေါင်းတို့သည် တိတ်ဆိတ်ငြိမ်သက်၍ ခေါင်းမွှမမော်ဝံ့ကြတော့ပေ။ သံဃာတော်အရှင်မြတ်များမှာ မင်းတုန်းမင်းတရားကြီးကိုယ်တော်တိုင် ကပ်လှူသော ဆွမ်း ခဲဖွယ်ဘောဇဉ်များကို သပ္ပာယဖြစ်ဖွယ် အားရပါးရ ဘုဉ်းပေးသုံးဆောင်တော်မူမိကြသည်ကို စဉ်းစားပြီး ရှက်စနိုးဖြစ်တော်မူ၍ မင်းတရားကြီးကိုမျှ မကြည့်ရဲဖြစ်လျက် အခက်ကြုံလျက် နေတော်မူကြကုန်၏။

နံနက်ချိန်ကပင် ဝမ်းဗိုက်တော်တင်းအောင် ဘုဉ်းပေးမိခြင်းမှာ မှားလေပြီဟု စိတ်ရှုပ်ကာ ကွမ်းသွေးသာ တပြစ်ပြစ်နှင့် ထွေးထုတ်လျက် မည်သည့်ရဟန်းသံဃာ တစ်ပါးတလေမျှ နှုတ်မြွက်မဟရဲကြဘဲ ဆရာတော်မထေရ်ကြီးများကိုသာ စောင်းငဲ့လျက် မည်သည့်နေရာမှ သူရဲကောင်းဆရာတော်ကြီးများ ထွက်ပေါ်လာမည်နည်းဟု ကြည့်ရှုအားငယ်လျက်သာ နေကြလေသည်။

ထိုအခိုက်မှာပင် ဦးအဂ္ဂထေရ်အရှင် သင်္ဃာဆရာတော်ဘုရားကြီးသည် ဝါးနေသောကွမ်းကို အချက်ပေးသံဖြင့် ထွေးအင်သို့ ထွေးချလိုက်သောအသံကို ကြားရသောအခါ ရဟန်းသံဃာအရှင်မြတ်များသည် အားကိုးသောအကြည့်များဖြင့် ဆရာတော်ဘုရားကြီးဘက်သို့ လှည့်၍ ကြည့်ကြကုန်၏။ ဆရာတော်ဘုရားကြီးသည် ရွှေဂူတွင်းမှထွက်လာသော ခြင်္သေ့မင်း၏အသံကဲ့သို့ တည်ငြိမ်လေးတွဲ့သော အသံဖြင့်

"ဒကာတော်မင်းမြတ်၊ ရွှေနန်းစံမင်းမြတ်သည် အကယ်ဆင်ခြင်ကြည့်လျှင်မူကား သိနိုင်တန်ကောင်းပါ၏။ ငါတို့ရဟန်းရှင်ဆိုသည်မှာ လူပုဂ္ဂိုလ်တို့နှင့် မတူကြစမြဲ။ ဒီနေရာမှာ ဥပမာထား၍ ပြောရမည်ဆိုလျှင် ငါတို့ရဟန်းသံဃာတော်များကား ထန်းပင်ရိုင်းနှင့်တူကြပေသည်။ လူပုဂ္ဂိုလ်များကား ထန်းပင်အယဉ်နှင့်တူပေမည်။ ထန်းပင်





အယဉ်ဆိုတာက သူ့ကို ထန်းရေမထွက် ထွက်အောင် ထိန်းနို့တွေကို လှီးဖြတ်သုတ်သင်ပြီး အပေါ်က ဖိနှိပ်ညှစ်ချနှင့် နေ့စဉ် လှီးလိုက်၊ ဖိလိုက်၊ ညှစ်လိုက် ပြုလုပ်နေကြတော့ ထန်းရေတွေမထွက်ချင်လဲထွက် ထွက်ချင်လဲထွက်နဲ့ ထန်းဝမှာ အိုးတွေတပ်တပ်ပြီး နေ့စဉ်လှီးနေတော့ ထန်းရေတွေက တိုးနေတာပေါ့ ဒကာတော်"

"ငါတို့ ရဟန်းသံဃာဆိုတာကတော့ ဝိပဿနာဓူရ၊ ဂန္ထဓူရ အစရှိတဲ့ ကျမ်းဂန်တွေကို ဖတ်ရှုမှတ်သားရ၊ ဟောပြောရ၊ ဝိပဿနာတွေ ကျင့်သုံးပြီး ဘာဝနာကမ္မဋ္ဌာန်းတွေ စီးဖြန်းတဲ့အလုပ်တွေ လုပ်ရနဲ့ လူတွေလို ကျင့်တဲ့အကျင့်အကြံ အတွေးများကို စိတ်ကူးဖို့တောင် အချိန်မပေးနိုင်ပါဘူး ဒကာတော်။ အဲသည်တော့ ငါတို့မှာ ထန်းပင်ရိုင်းနှင့်ပင်တူနေပါတယ်။ ထန်းပင်ရိုင်းဆိုတာက သူ့ကို လှီးမည့်ဖြတ်မည့် သူကလည်းမပေါ်လာ၊ နေ့စဉ်နေ့တိုင်းလည်း ဘယ်သူကမှ ဂရုမစိုက်နဲ့ ထန်းရေထွက်စိမ့်ငှာ မလုပ်ဆောင်နိုင်ကြလေတော့ ဒီလိုနဲ့ပဲ ထန်းနို့တွေဟာ ခြောက်ခြောက်ပြီး ကြွေကျကုန်ကြရတာပါပဲ။ အဲသည်လိုသာ မှတ်ပါတော့ ဒကာတော်ရေမြေ့ရှင်"

"ငါတို့ဘဝကို ထန်းပင်ရိုင်းနှင့်နှိုင်းပြီး လူဝတ်ကြောင်ဘဝကို ထန်းပင်အယဉ်နှင့် နှိုင်းလိုက်ရင် စင်စစ်တော့

ငါတို့တစ်တွေဟာ ပုဆိုးကြောင်လူ ဒါယကာတို့လို မအီမသာ မပင်ပန်းကြပါဘူး။ ထန်းပင်ရိုင်းရွှေတဖိုဟာ ရေချိုခန်းသလို ပေါ့ ဒကာတော်မင်းမြတ်"ဟူ၍ မိန့်တော်မူသောအခါ နန်းတော်အတွင်း ဆွမ်းကျွေးသဘင်သို့ ကြွရောက်လာကြသော ရဟန်းသံဃာတော်များနှင့် နန်းတွင်းသူ နန်းတွင်းသား မှူးမတ်အများတို့သည် အားရရွှင်လန်း ပီတိလွှမ်း၍ သောသောညံ ရယ်မောလျက် မင်းတုန်းမင်းတရားကြီးကိုယ်တော်တိုင်ပင်လျှင် ရာဇက္ကူနွေတော်မှ မဆည်နိုင်ဘဲ ရယ်ရွှင်အားရလျက်ရှိနေပေတော့သတည်း။ ။

❀❀❀



## မင်းတုန်းမင်းတရားကြီးနှင့် ဒက္ခိဏာရာမ ဆရာတော်

မင်းတုန်းမင်းတရားကြီးသည် ကြည်ညိုရင်းရှိသော ဒက္ခိဏာရာမတိုက် ဆရာတော် အရှင်ဇာဂရာအား နန်းတော်တွင်းသို့ ပင့်၍ ဆွမ်းကွမ်းများ ဆက်ကပ်လှူဒါန်းပြီးနောက်

"ဆရာတော်ဘုရား မဂ်ဖိုလ်နိဗ္ဗာန် ဧကန်မဖောက် ယခုဘဝနှင့်ရောက်အောင် တပည့်တော်အား သနားငဲ့ညှာသောအားဖြင့် လမ်းပြ မိန့်ကြားတော်မူပါဘုရား" ဟု လျှောက်ထားလေသည်။

ထိုအခါ ဆရာတော်ဘုရားမှ

"ဒကာတော် ရေမြေ့ရှင်ကို ငါ ဥပမာတစ်ခုပေးလိုတယ်၊ ရှေးက ရွာတစ်ရွာမှာ ပစ္စည်းဥစ္စာနှင့် ပြည့်စုံကြွယ်ဝကြတဲ့ ဇနီးမောင်နှံတို့မှာ အပျိုအရွယ် သမီးငယ်တစ်ယောက်ရှိသည်။ အဲဒီဇနီးမောင်နှံတို့က မိမိတို့သမီးပျိုအား မိမိတို့

ကျောင်းဆောက်ကိုးကွယ်ထားသည့် ဆရာတော်ထံ ဆွမ်းအုပ်ပို့စေရာ ဆွမ်းပို့သွားရင်း သတို့သမီးပျိုသည် အရှင်ဘုရား၊ ဒီသည်ကျောင်း ဘယ်သူ့ကျောင်းပါတုံးဘုရား။ ထိုအမေးကို ဘုန်းကြီးက ဟယ် ကြံကြံစည်စည် မေးမှမေးတတ်ပလေ၊ သည်ကျောင်း ငါ့ကျောင်းပေါ့ လို့ဆိုသတဲ့ ဒကာတော် မင်းမြတ်''

ကျောင်းဒါယကာသမီးက ဆက်ပြီး

'အရှင်ဘုရားရှိစေတော့ ဒီသင်္ကန်းကော ဘယ်သူ့ သင်္ကန်းလဲ ဘုရား'

'ဟယ် ဒါလည်း ငါ့သင်္ကန်းပေါ့ဟ' လို့ ဖြေပြန်သတဲ့။ ဒါနဲ့ ကျောင်းဒါယကာသမီးက

'အရှင်ဘုရား ဘယ်ကိုအလိုရှိသဖြင့် ဘုရားရှင် သာသနာ့ဝန်ထမ်း ရဟန်းပြုတာလဲ ဘုရား' လို့ လျှောက်ထားပြန်ရာ ဘုန်းကြီးက

'ဟယ် ကလေးမ ငါမဂ်ဖိုလ်နိဗ္ဗာန်ကို လိုချင်လို့ ရဟန်းပြုတာပေါ့' ဟု မိန့်လေရာ

'အရှင်ဘုရား မဂ်ဖိုလ်နိဗ္ဗာန်လိုချင်ရင် ငါ့ကိုမကြိုက်နဲ့ဘုရား' လို့ လျှောက်ထားပြီး ဦးသုံးကြိမ်ချကာ ပြန်သွားသတဲ့''

''အဲဒီလို ကျောင်းဒါယကာ့သမီးရဲ့ လျှောက်ထားသွားတဲ့ စကားကြောင့် ဘုန်းကြီးမှာ စားမဝင်အိပ်မပျော်





နေ့စဉ်ရက်ဆက် စိတ်ဒုက္ခရောက်နေ၏။ ထိုအကြောင်းကို ရိပ်မိတဲ့ ကျောင်းကပ္ပိယကြီးက 'အရှင် ဘုရား၊ အဘယ့်ကြောင့် စားမဝင် အိပ်မပျော် စိတ်သောကဖြစ်နေဘိသနည်း' လို့ လျှောက်ထားလေတော့ ဘုန်းကြီးက 'ကျောင်းဒါယကာ့သမီး လျှောက်ထားပုံနှင့် မိမိက ဖြေကြားပုံတို့ကို ပြန်ကြားပြောဆိုပြီး နောက်ဆုံး မဂ်ဖိုလ်နိဗ္ဗာန်ကိုလိုချင်လျှင် ငါ့မကြိုက်ပါနှင့် ဟူသောစကားမှာ မတွေးတတ်အောင် ဖြစ်နေကြောင်း၊ အဲဒါကြောင့် ငါ့မှာ အိပ်မပျော် စားမရ၊ စိတ်သောကရောက်နေကြောင်းကို ပြောကြားပေတယ်။ ဒီအခါ ကပ္ပိယကြီးလည်း သမီးပြောစကားကို မိဘတို့ထံ စုံစမ်းက မုချသိရပေမည်ဟု သဘောထားလျက် ကျောင်းအမကြီးအား အလုံးစုံသော စကားကို ပြန်ကြားပြောဆိုတဲ့အတွက် ကျောင်းအမကြီးက သမီးအား 'ချစ်သမီး သင်ကျောင်းကိုသွားစဉ်က မဂ်ဖိုလ်နိဗ္ဗာန်လိုချင်သောကြောင့် ရဟန်းပြုသည်မှန်က ငါ့ကို မကြိုက်ပါနှင့် စကားအဓိပ္ပါယ်ကို ကောင်းစွာရှင်းလင်းပါဘိ' ဟု ဆိုလေသည်''

'' ထိုအခါ သမီးငယ်က 'အမေ ကျောင်းသို့ဆွမ်းပို့သွားရာမှ ဤကျောင်း ဤသင်္ကန်း ဤပစ္စည်းဝတ္ထု ဘယ်သူ့ဟာပါလဲဘုရားဟု မေးလျှောက်ရာ ဘုန်းကြီးက ငါ့ကျောင်း၊ ငါ့ပစ္စည်းတွေဟု ဆိုသောကြောင့် အရှင်ဘုရား အဘယ်ကို လို၍ ရဟန်းပြုပါသနည်းဟု မေးပြန်သောအခါ မဂ်ဖိုလ်

နိဗ္ဗာန်ကို ရလို၍ ရဟန်းပြုသည်ဟု ပြောပြန်ပါသည်။ ဒါကြောင့် အရှင်ဘုရား မဂ်ဖိုလ်နိဗ္ဗာန်လို၍ ရဟန်းပြုသည်မှန်လျှင် ငါ့ကိုမကြိုက်ပါနှင့်လို့ လျှောက်ခဲ့ခြင်းဖြစ်ပါသည်။ ငါ့ဟာ၊ ငါ့ဥစ္စာဟု စွဲလမ်းခြင်းကို သက္ကာယဓိဋ္ဌိ ခေါ်ပေသည်။ ဒီသက္ကာယပျောက်ပါမှ မဂ်ဖိုလ် နိဗ္ဗာန်ကို ရလွယ်နိုင်ပေလိမ့်မည်။ သည်လိုရည်ရွယ်ပြီး မဂ်ဖိုလ်နိဗ္ဗာန် လိုချင်လျှင် ငါ့ကိုမကြိုက်ပါနှင့်ဟူသော အဓိပ္ပါယ်ဖြင့် လျှောက်ခဲ့ခြင်းဖြစ်ပါသည်ဟု ပြောသံကိုကြားသိရသည့် ကပ္ပိယကြီးသည် ကျောင်းသို့ ပြန်ပြီး ဘုန်းကြီးအား အကြောင်းစုံလျှောက်ထားသောအခါ အဲဒီဘုန်း ကြီးလည်း များစွာသတိသံဝေဂတရားရတော်မူပြီး တောထွက်ကာ အရညကင်ဓုတင်ဆောက်တည်ကျင့်ကြံသတဲ့ ဒကာတော်မင်းမြတ်” ဟူ၍ မိန့်ကြားတော်မူလေသည်။

ယင်းသို့ မိန့်ကြားလေလျှင် မင်းတုန်းမင်းတရားကြီးသည် အနားတွင် ခစားနေကြသော မိဖုရားများနှင့် မောင်းမကိုယ်လုပ်တော်များကို ရှုစားတော်မူပြီး

“ဆရာတော်ဘုရား သိသာလှပါပြီဘုရား” ဟု လျှောက်ထား အားရ နှစ်သက်ရွှင်လန်းတော်မူလေသတည်း။

❀❀❀



## မင်းတုန်းမင်းတရားကြီးနှင့် သမားတော် အကြောပေါင်းတစ်ထောင် ဦးတူ

မင်းတုန်းမင်းတရားကြီးသည် နန်းမတော်စကြာဒေဝီမိဖုရားကြီးလည်း နတ်ရွာစံခဲ့လေပြီ။ ယခု မြောက်နန်းမိဖုရားကြီး မယ်သဲလည်း နတ်ရွာ စံတော်မူပြန်ပါသည်။ မင်းတုန်းမင်းတရားကြီးသည် များစွာယူကျုံးမရ စိတ်တော်ထိခိုက်လွန်း၍ နန်းမတော်ဆောင်နှင့် မြောက်နန်းဆောင်တို့ကို အတွင်းရှိ ပရိဘောဂအဆောင်အယောင်များနှင့်တကွ အိပ်ရာ အခင်းအကျင်းတို့ကို မိဖုရားကြီးများ ရှိစဉ်ကကဲ့သို့ ခြေရာလက်ရာ မယွင်းအောင်ထားစေပြီး မကြာခဏအဆောင်တော်တွင်းသို့ ကြွဝင်ကာ ကြေကွဲစွာဖြင့် အလွမ်းဖြေတော်မူလေ့ရှိပါသည်။

ထိုကဲ့သို့ မင်းတရားကြီးမှာ လွမ်းဆွတ်ကြေကွဲတော်မူသောဝေဒနာ ခံစားနေရသည်ကို ပြုပြင်ပြောင်းလဲပစ်သူကား မင်းတရားကြီး၏ အနောက်ဆောင်မှ မိဖုရားငယ်တစ်ဦးပင်ဖြစ်၏။ ယင်းမိဖုရားငယ်သည် မင်းတုန်းမင်းတရားကြီးအတွက် နန်းတွင်းသမားတော်ကြီးများနှင့် တိုင်ပင်၍ စိတ်တော် နုပျိုရွှင်လန်းတက်ကြွစေရန် စီစဉ်တော်မူ၏။ ပြီးလျှင် မိဖုရားငယ်သည် မင်းတရားကြီး စိတ်တော်ကျေနပ်စေသည့်အထိ အစွမ်းကုန် ပြုစုယုယတော်မူပါသည်။

ဤသို့ဖြင့် မင်းတုန်းမင်းတရားကြီး၏အလွမ်းဝေဒနာကို ပြေပျောက်စေလာပြီး မိဖုရားငယ်အပေါ်၌သာ တပ်မက်ငြိတွယ်လာတော့၏။ ကြာသော် မိဖုရားငယ်မှာ အိပ်ရာတွင်လဲ၍ ချည့်နဲ့သော ဝေဒနာကို ခံစားနေရတော့၏။ ဤဝေဒနာကို မင်းတရားကြီးသည် နန်းတွင်းသမားတော်ကြီးများနှင့် အမျိုးမျိုးကုသသော်လည်း မရပေ။

နောက်ဆုံး မင်းတုန်းမင်းတရားကြီးသည် သူ၏အပေါ်၌ အလိုလိုက် အကြိုက်ဆောင်၍ ယုယခဲ့သော မိဖုရားငယ် ပြန်လည်ကျန်းမာလာစေရန်အတွက် စိတ်ဓာတ်ဖြင့် ကုသတတ်သော သမားတော် ဦးတူနှင့် တိုင်ပင်တော်မူလေသည်။

သမားတော်ဦးတူက မင်းတရားကြီးအား





"မိဖုရားအား မည်ကဲ့သို့ပင် ပြုစုစေကာမူ အပြစ်တော်မယူဘဲ အသက်မှ ချမ်းသာပေးပါက ကုသနိုင်ပါလိမ့်မည်ဘုရား" ဟု လျှောက်ထားလေသည်။

မင်းတုန်းမင်းတရားကြီးလည်း ခွင့်ပြုတော်မူသဖြင့် သမားတော် ဦးတူသည် ယင်းမိဖုရားငယ်၏အဆောင်တော်တွင်းသို့ဝင်၍ အခြား ရံရွေလက်ပါးစေများကို အပြင်သို့ထွက်သွားရန် နှင်လွှတ်လိုက်၏။ ထို့နောက် ဘာမပြောညာမပြောနှင့် မိဖုရား၏ဆံပင်ကိုဆွဲ၍

"ဟဲ့ကောင်မ နင်က ဘုရင့်မယားမို့ မောက်မာရသလား၊ ထလဟဲ့" ဆိုပြီး ရိုက်နှက်လေတော့၏။

ထိုအခါ မိဖုရားသည် များစွာစိတ်ဆိုး ဒေါသထွက်ပြီး သမားတော် ဦးတူကို ရိုက်ရန် လက်ဖြင့် ဆွဲမိဆွဲရာ လှမ်း၍ဆွဲရာ မိမိစီးသောဖိနပ်ကိုဆွဲမိသဖြင့် ဦးတူက ပိုမိုစိတ်ဆိုးစိတ်ထအောင် ပြောပြီး ထပြေးလေသည်ကို မိဖုရားလည်း အတင်းထ၍ လိုက်ရိုက်၏။

တုန်တုန်ယင်ယင်နှင့် ထလိုက်သောမိဖုရားအား ဦးတူကလည်း မလှမ်းမကမ်းမြင်လောက် မီလောက်သော နေရာမှနေပြီး မိဖုရား စိတ်ထအောင်လုပ်သည်။ သို့ဖြင့် တဖြည်းဖြည်း လိုက်နေရာမှ မှန်နန်းတော်ဆောင်ကို ပတ်ပြေးရသည့်အထိ လိုက်ရိုက်လေတော့သည်။

နန်းတွင်းသူများလည်း အုတ်အုတ်သဲသဲဖြစ်ပြီး အကယ်ပင် ရန်ဖြစ်နေကြသည်။ သမားတော်ဦးတူက မိဖုရားကို စော်ကားနေသည်ဟု ထင်ပြီး မှန်နန်းဆောင်သို့ ဝင်၍ "ကယ်တော်မူပါဘုရား" ဟု အော်ကြတော့၏။

သမားတော်ကြီးဦးတူသည် မင်းတုန်းမင်းကြီးထံသို့ ပြေးလာသည်။ ရောက်မှ မိမိဆေးကုသ၍ ပြီးခဲ့ပါကြောင်း သံတော်ဦးတင်လေသည်။ ယင်းအခါမှ လူအများလည်း ရိပ်မိသိရှိလာကြသလို မိဖုရားမှာလည်း ဒေါသထွက်ပြီး မောပန်းလျက် နန်းတော်နံရံကိုမှီ၍ နားနေလေသည်။

မင်းတုန်းမင်းတရားကိုယ်တော်တိုင် ထွက်တော်မူလာပြီး မိမိအား အကြိုက်ဆောင် အလိုလိုက်ခဲ့သော မိဖုရားငယ်ကို ယုယစွာ ပွေ့ချီတော်မူ၍ အဆောင်တော်သို့ ပို့လေသည်။ နောက်နေ့မှစ၍ မိဖုရား၏ အကြောသေရောဂါမှာ သက်သာလာစပြုပြီး လန်းဆန်းလာ၏။

သမားတော်ဦးတူမှ မိမိအား ဆေးကုသသောအဖြစ်ကို မောင်တော်မင်းတရားကြီး မိန့်တော်မူမှ သိရတော့သည်။ ဦးတူသည် နောက်တစ်နေ့တွင် အုန်းငှက်ပျောပွဲဖြင့် မိဖုရားထံလာရောက်ပြီး မိမိအနေဖြင့် မင်းတရားကြီး အမိန့်တော်အရ ရိုင်းပျစွာကုသရခြင်းကို ခွင့်လွှတ်ပါရန် ဝန်ချတောင်းပန်လေသည်။





မိဖုရားသည်လည်း မင်းတုန်းမင်းတရားကြီး မှာကြားထားတော်မူသည့်အတိုင်း အတွင်းတော်မှ ငွေတစ်ထောင်ထုပ်ကိုယူ၍ ဆုအဖြစ် သနားတော်မူလေသည်။

ဤကား မင်းတရားကြီး ချစ်မြတ်နိုးတော်မူသော မိဖုရားငယ်အား သမားတော်ကြီး အကြောပေါင်းတစ်ထောင်ဦးတူ၏ ဆေးကုသခြင်း သဘောမျှပင်ဖြစ်ပါသတည်း။

❀❀❀

## မင်းတုန်းမင်းတရားကြီးနှင့် ဒက္ခိဏာရာမဆရာတော်ဘုရား

မင်းတုန်းမင်းတရားကြီးသည် တစ်နေ့တွင် ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဆရာတော်အရှင်ဇာဂရထေရ်မြတ်အား မှန်နန်းတော်ဆောင်သို့ ပင့်၍ ဆွမ်းခဲဖွယ်၊ ဘောဇဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်းပြီးနောက် မင်းတရားကြီး၏ စိတ်တော်၌ မရှင်းမလင်းဖြစ်နေသည်ကို ဆရာတော်အား

"အရှင်ဘုရား လောက၌ တစ်ယောက်သောသူက ပါဏာတိပါတ စသော မကောင်းမှုပြုသည်ကို တစ်ယောက်မှမြင်လေရာ သင့်အား ငရဲကြီးတတ်သည်။ ဤအမှုကို မပြုလင့်ဟု ဆိုဆုံးမသည့်အခါ ပါဏာတိပါတ အမှုကိုပြုသူက 'ငရဲကြီးမှ ငရဲလေးကိုနိုင်သည်'ဟု ပြောဆိုသည်ကို ကြားနေရပါသည်ဘုရား။ ထိုသူတို့ပြောဆိုကြသော စကား

သည် ဘုရားရှင်ဟောကြားတော်မူခဲ့သော ကျမ်းဂန်နှင့် ညီ မညီ သိလိုပါသည်ဘုရား" ဟု လျှောက်ထားမေးမြန်းတော်မူလေသည်။

ထိုအခါ ဆရာတော်ဘုရားသည်

"ဒကာတော်ရေမြေ့ရှင်မင်းတရား မေးတော်မူသော ငရဲကြီးမှ ငရဲလေးကိုနိုင်သည် ဆိုသောစကားသည် ဘုရားဟောကျမ်းဂန်များနှင့်အညီပင် ဖြစ်ပေသည်။ အကြောင်းဟူမူကား အလွန်အင်အားကြီးမားသည့် ကရုကဖြစ်သော 'အာနန္တရိယကံ'ကို ပြုမိက သေးငယ်သော 'လဟုကပါပကံ' သည် အမှန်ပင် ပျောက်၍ ကရုကအတွင်းသို့ပင် သက်ဆင်းစေလေတော့၏။ သင်မင်းတရားကြီး မှတ်သားရန်ကား ဒေဝဒတ်သည် ဘုရားရှင်အား ကျောက်မောင်းဆင်၍ ခြေတော်တွင် သွေးစိမ်းတည်စေခြင်း၊ နာဠာဂီရိဆင်ကြမ်းကို နန်းတော်မှလွှတ်စေခြင်း၊ လေးသမားတို့ကို အပစ်ခိုင်းစေခြင်း စသော ရန့်ရင်းကြမ်းတမ်းသော မကောင်းမှုကံအတန်တန် ရှိငြားသော်လည်း သံဃာအား သင်းခွဲခြင်းဟူသော 'အာနန္တရိယဂရုကံ' က အကျိုးပေးလာသဖြင့် သေးငယ်သောကံပါပတို့အခွင့်မရဘဲ ရှိလေသည်။ ဤသို့သောနည်းဖြင့် ငရဲကြီးမှ ငရဲလေးကိုနိုင်သည်ဟု ဆိုသောစကားသည် ဘုရားဟောကျမ်းဂန်နှင့် ဖြောင့်မှန်ညီညွတ်ပေသည်ဟု မှတ်ရာ





သည် ဒကာတော်မင်းမြတ်"

ထိုကဲ့သို့ ဆရာတော်ဘုရားမှ ဖြေကြားတော်မူသော အခါ မင်းတုန်းမင်းတရားမှ ဝမ်းမြောက်တော်မူပြီး ဆက်လက်၍ လျှောက်ထားသည်မှာ

"အရှင်ဘုရား နောက်တစ်ခု သိလိုသည်က ယခုလူတို့ 'အသက်ရှည်စေလို ထန်းရည်ခါးနှင့် ကြက်သားကိုမျို၊ သေစေလို စိန်မစားနှင့် ဥပုသ်စောင့်သွား' ဟုဆိုကြပါသည်။ အရှင်ဘုရား ယခုကာလ ဒုစရိုက်သမားတို့သည် ဤစကားကို အမာခံပြု၍ ယူခဲ့လျှင် များစွာအကျိုးယုတ်ဖို့ရန် ရှိပါသည်။ သိမှတ်ရန် အဓိပ္ပာယ်ရှင်းလင်း၍ မိန့်ကြားဖြေဆိုတော်မူပေးပါဘုရား" ဟု တောင်းပန်တော်မူသည်ကို

"ဒကာတော် ရေမြေ့ရှင် လျှောက်ထားသောစကားသည် အမှန်အတိုင်းဆိုသောစကားပင် ဖြစ်ပေသည်။ "အသက်ရှည်စေလို ထန်းရည်ခါးနှင့် ကြက်သားကိုမျို" ဟူသော စကားအရ ထန်းရည်ခါးသည် ဘုရားရှင် ပစ်ပယ်တော်မူအပ်သော သုရာယစ်မျိုးဖြစ်သောကြောင့် မသောက်ထိုက်၊ မသောက်အပ်၊ ဤသို့မသောက်ထိုက် မသောက်အပ်သည်ကို သောက်ကြူးက အထူးထူးသောဘဝတို့၌ ဘဝများစွာ မရေမတွက်နိုင်အောင် အကျိုးပေးသည့်အတွက် သံသရာစက်၌ အသက်ရှည်သဖြင့် ကျင်လည်စုန်ဆန် နိဗ္ဗာန်

မနီး၊ ပျက်စီးမျောပါရသည်ကို ရည်ရွယ်ပြီး 'အသက်ရှည်စေလို ထန်းရည်ခါးနှင့်ကြက်သားကိုမျို' ဟု ရှေးသူဟောင်းတို့ ဆိုခဲ့သည်ကို ယူအပ်၏ ဒကာတော်"

"သေစေလို စိန်မစားနှင့် ဥပုသ်စောင့်သွား" ဆိုသော စကားကား ဥပုသ်သီလဆောက်တည်က အသက်သေရလိမ့်မည်ဟု မမှတ်လင့်၊ ဥပုသ်သီလစောင့်ထိန်းခြင်းဖြင့် သီလ ပြည့်ဝဖြူစင်သောသူသည် ခန္ဓာ အာယတနဓာတ်တို့၏ မပြတ်ဖြစ်ခြင်းဟုဆိုအပ်သော သံသရာမှ ဝဋ်ကြွေး အမြစ်ပြတ်၍ နောက်ထပ်ပဋိသန္ဓေမနေ အမြဲသေသည်ကို ရည်၍ 'သေစေလိုစိန်မစားနှင့် ဥပုသ်စောင့်သွား' ဟူသောအဓိပ္ပာယ်ပင်ဖြစ်သည် ဒကာတော် ရေမြေ့ရှင်မင်းတရား မကောင်းသော ပါပ ကမ္မ ဒုစရိုက်ကို ပယ်ရှားပြီး ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ အာဇီဝဋ္ဌမကတို့ကို လုံ့လအားထား ကြိုးစားကျင့်သုံးရပေသည် ဒကာတော် ရေမြေ့ရှင်" ဟူ၍ ဥပဒေသဩဝါဒ အမြိုက်ဆေး တိုက်ကျွေးတော်မူလျှင် လျှောက်ထားမေးမြန်းတော်မူသော မင်းတုန်းမင်းတရားကြီးနှင့်တကွ မှူးမတ် ပရိသတ်တို့သည် များစွာ ဝမ်းမြောက်နှစ်သက် ကြည်နူးကြလေကုန်သတည်း။

❀❀❀



## မင်းတုန်းမင်းတရားကြီးနှင့် ဗန်းမော်ဆရာတော်

မင်းတုန်းမင်းတရားကြီးသည် တစ်နေ့တွင် ဗန်းမော်ဆရာတော်ဘုရားကြီးအား မှန်နန်းတော်ဆောင်သို့ပင့်၍ ဆွမ်းဆက်ကပ်လှူဒါန်းပြီးနောက် မင်းတရားကြီး၏စိတ်ဝယ် မရှင်းသည့်ပြဿနာစကားကို ဆရာတော်ကြီးအား လျှောက်ထားမေးမြန်းတော်မူသည်မှာ

"အရှင်ဘုရား ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိတော်မူစဉ်က သတ္တဝါအများတို့အား တရားရေအေး တိုက်ကျွေးတော်မူသည့်အခါ သတ္တဝါချင်းပင်မတူကြပါ။ အချို့မှာ သရဏဂုံ၊ ပဉ္စသီလမျှသာ တည်ပါသည်။ အချို့မှာ သောတာပန်၊ အချို့မှာ သကဒါဂါမ်၊ အချို့မှာ အနာဂါမ်သာ တည်ကြပြီး အချို့သောပုဂ္ဂိုလ်တို့သာလျှင် ရဟန္တာဖြစ်ကြပါ

သည်။ ဤသို့ တစ်ပုဒ်တည်းသောတရားတော်ကိုမျှ တရားရချင်း မတူကြသည်မှာ အဘယ်အကြောင်းကြောင့်ဆိုတာ ဘုရားတပည့်တော် သိချင်နေပါသည်ဘုရား"

ယင်းကဲ့သို့ မေးလျှောက်တော်မူသောအခါ ဗန်းမော်ဆရာတော် ဘုရားကြီးက

"သာသနာ့ဒါယကာ ရေမြေ့ရှင်မင်းတရား မှတ်သားရန် ဥပမာဆောင်၍ ငါဟောကြားမည်၊ နာယူလော့၊

ရှေးအခါက မင်းနေပြည်တော်ကြီးတွင် ငယ်စဉ်ကစ၍ အတူတကွ ချစ်ခင်နေထိုင်လာကြကုန်သော သူငယ်ချင်း နှစ်ယောက်တို့သည် ဗေဒင်ဟူးရားအတတ်ကို သင်ကြားခြင်းအလို့ငှာ မိမိတို့ပြည်မှ ထွက်ခွာလျက် ဒိသာပါမောက္ခ ဆရာကြီးထံ သွားရောက်သင်ကြား ခံယူကြသတဲ့။

ထိုအခါ ဆရာကြီးသည် မှီခိုသင်ကြားလာသူ လုလင်နှစ်ယောက်တို့အား တတ်မြောက်စေချင်သော စေတနာ အပြည့်ဖြင့် ဗေဒင်ကျမ်း အရပ်ရပ်တို့၌ နှံ့စပ်ကျွမ်းကျင်အောင် သင်ကြားပြသ၍ သုံးနှစ်ကျော် ခန့်ကြာလျှင် ဆရာကြီးထံ ခွင့်ပန်ကြပြီး နေရပ်သို့ပြန်ကြသောအခါ ခရီးအကြား ရွာတစ်ရွာသို့ရောက်လျှင် အိမ်တစ်အိမ်သို့ဝင်၍ ခွင့်ပန်နားနေကြလေသည်။ အိမ်ရှင်မိန်းမသည် 'အမောင်တို့ ဘယ်မြို့ ဘယ်ရွာက လာကြပြီး အဘယ်ကိုသွားမည်နည်း' ဟု မေး





လေသော် 'ဒိသာပါမောက္ခ ဆရာကြီးထံမှ ဗေဒင်ကျမ်းအရပ်ရပ်ကို ကမ်းခတ်အောင် သင်ကြားတတ်မြောက်ခဲ့၍ တိုင်းဌာနီနေရပ်သို့ ပြန်လာခဲ့ကြကြောင်း ပြောကြားလေ၏။

ထိုအခါ အိမ်ရှင်မိန်းမသည် မိမိခင်ပွန်း အရပ်တစ်ပါးသို့ ဥစ္စာရှာဖွေသွားရာ ပြန်မလာ ကြာလေချေသည်။ အကြောင်းကိုသိရအောင် မေးလေမှပဟု ကြံတွေးလျက်

'အမောင်ဆရာလေးတို့ ကျွန်ုပ်၏ ချစ်လင်သည် တိုင်းခွင်တခြား ရပ်တစ်ပါးသို့ ထွက်သွားသည်မှာ ကြာချေပြီ။ အရေးအကြောင်းခြင်းရာ ကိစ္စအဝဝကို သိရဖို့ အမောင်တို့ ဗေဒင်ပညာနှင့် မြော်မြင်၍ အမိန့်ရှိပါ'ဟု ဆိုလေသတဲ့ ဒကာတော်မင်းမြတ်"

ဤကဲ့သို့မေးစဉ်အခါ ကြောင်းနိမိတ်ရှာ၍ ဆရာများကြည့်ကြသော် မနီးမဝေးတွင် ထားသော အုပ်ဆောင်းပေါ်သို့ လှမ်းကျော်တက်လာသော ကြွက်တစ်ကောင်ကို ကြောင်မှ ဆီး၍ခုတ်သဖြင့် ရုတ်ခြည်း သေသည်ကို မြင်ကြရလေကား တစ်ယောက်သောဗေဒင်ဆရာက ဟောသည်မှာ

၁။ သင်၏ခင်ပွန်းလင်သည် တိုင်းတစ်ပါးမှအပြန် အမှန် လမ်းတွင် သေပြီဟူ၍ သာမန်မျှသာ ဟောလေသည်။

အခြားသောတစ်ယောက်ကား

၂။ သင်၏ယောကျ်ားသည် တိုင်းတစ်ပါးမှအပြန် တောင်ကမ်းပါးယံ အဆင်းနားတွင် ကျားခဲ၍ သေလေပြီ။ သင်မယုံချေက သွား၍ရှာလေ တွေ့ ချိမ့်မည်ဟု ဟောလေသည်။

ယင်းသို့ ဗေဒင်ထွက်ရှိသည့်အတိုင်း မဆိုင်းဘဲ ထို မိန်းမသည် ရွာမှလူများစု၍ သွားရောက်ရှာဖွေရာ ဗေဒင် အတွက်နှင့် တစ်ချက်မလွဲ ကျားခဲသေသော လင်၏ အလောင်းကို တွေ့ရ၏။ ဗေဒင်ဆရာနှစ်ဦးတို့သည် အထူး သိမြင်ကြပေသည်ဟု သာမန်သာဟောသော ပထမဆရာကို ငွေငါးကျပ်ဖြင့် ပူဇော်လျက်၊ ဝိသေသအထူးဖြင့် တိကျ သေချာစွာ ဟောသော ဒုတိယဆရာကို ငွေတစ်ဆယ်ဖြင့် ပူဇော်လေသည်။

ထိုအခါ သာမန်မျှဟောမိသော ပထမဗေဒင်ဆရာက 'ငါနှင့် ဤသူ အတူပင် ဗေဒင်ပညာကို သင်ကြားခဲ့ပါလျက် ဘယ့်အတွက်ကြောင့် ငါ့ထက်သာ၍ ဟောနိုင်လေသနည်း ဟု မကျေမနပ်ဖြစ်ကာ ဆရာကြီးထံ ယခုပင်ပြန်၍မေးအံ့ ဟူ၍ ထိုသူနှစ်ယောက်တို့သည် ဒိသာပါမောက္ခဆရာကြီး ထံသို့ ပြန်သွားကြ၏။ ဆရာကြီးလည်း အမောင်တို့ အဘယ်ကိစ္စအကြောင်းခံနှင့် ပြန်လာကြသနည်းဟုမေးလျှင် ယခင် သာမန်မျှဟောပြောမိသူက ဤသူနှင့် ကျွန်ုပ်သည်





ဆရာကြီးထံ နည်းခံသင်ယူချင်းတူပါလျက် ဘယ့်အတွက် ကြောင့် ကျွန်ုပ်ထက်သာ၍ ပညာကို ပေးပါသနည်းဟု ဆိုလေသည်။ ဆရာကြီးက သင်တို့နှစ်ယောက်သည် ချောက်၊ အင်း၊ အိုင်၊ တွင်း၊ ချောင်း၊ မြစ်၊ သမုဒ္ဒရာတို့၌ရှိသော ရေကို မယူမူ၍ အလိုလို ကောင်းကင်မှကျသော ရေအမှန်ကို ဉာဏ်ဖြင့် ခပ်ယူခဲ့လော့၊ ရလာပါက ငါဖြေကြားမည်ဟု ဆိုကာ စေခိုင်းလေသည်။

သာမန်မျှဟောခဲ့သောဗေဒင်ဆရာလုလင်မှာ ပညာ ဉာဏ်နည်းပါးသည့်အတွက် မြက်၊ သစ်ပင် စသည်တို့၌ တည်သော နှင်းရည်ကို ရစေခြင်းငှာ အပင်ကိုနုတ်၍ အိမ် ပေါ်၌ခါချသဖြင့် မရ၊ မစုမိနိုင်ဘဲ ရှိလေသည်။

တိကျသေချာစွာ ဟောခဲ့သူ ဒုတိယလုလင်မှာ ထိုးထွင်းဉာဏ်ပညာနှင့် ပြည့်စုံသောကြောင့် နှင်းရည်ရှိသော သစ်ပင်တို့ကို အဝတ်ဖြင့်လူးသုတ်လျက် ရတ်တရက် ညှစ်၍ ယူလျှင် ခဏချင်းအိုး၌ရေပြည့်သဖြင့် ဆရာ၏အထံသို့ ယူသွားလေ၏။ သာမန်မျှဟောခဲ့သော ပထမလုလင်၏ အိုးမှာ ရေမျှမပါဘဲ အချိန်ကြာလာသည့်အတွက် ရှက်ရှက် နှင့်ပင် ပြန်ရောက်လာသောအခါ ဆရာကြီးက ငါသည် သင်တို့နှစ်ယောက်အား အတူတူစေခိုင်းပါလျက် ဘယ့် အတွက်ကြောင့် တစ်ယောက်မှာ ရေရရှိပြီး သင့်မှာက ရေမရ

သနည်းဟု မေးလေသည်။ ဤသည်ပင် ငါ၏ အဖြေပင်ဖြစ်တော့သည်ဟုဆိုသောအခါ သာမန်မျှဟောခဲ့သော ပထမလုလင်သည် သိပါပြီဆရာကြီးဟု ဝန်ခံ၍ နေရပ်ဌာနီသို့ ပြန်လည် နေထိုင်ကြသတဲ့ ဒကာတော်မင်းမြတ်''

ဟူ၍ ဗန်းမော်ဆရာတော်ဘုရားမှ မိန့်တော်မူသောအခါ မင်းတုန်းမင်းတရားကြီးသည်

''မှန်ပါ တပည့်တော် သိသာပါပြီအရှင်ဘုရား''

''နောက်တစ်ခုသိလိုတာက သီလရှင်မယ်ကင်းက အတွင်းတော်သို့ ဝင်၍ ရှေ့တော်တွင်ပြသည်မှာ ဗန်းမော်ဆရာတော်ဘုရားက ငါ့ပေါင်ကြားက ဝတ္ထုကို နင့်ပေါင်ကြားသို့ရောက်အောင် အားထုတ်ရဦးမည် အမိန့်ရှိလိုက်ကြောင်း ပညာရှိအား နားနှင့်မတန်၊ မခံသာသော အချိုးများကို အရှင်ဘုရားမှ ရေးသားပေးပို့ကြောင်း မကောင်းအောင်ရေးသည့်အတွက် အရှက်ရကြောင်းများကို တိုင်ကြားလာပါတယ်ဘုရား'' ဟု ဆက်၍လျှောက်ထားပြန်လေသည်။

ထိုအခါ ဗန်းမော်ဆရာတော်က

''ရေမြေ့ရှင် ဒကာတော် ငါ့ပေါင်ကြားကဝတ္ထုကို သူ၏ပေါင်ကြားသို့ရောက်အောင် အားထုတ်ရမည်ဆိုသည်မှာ ယုတ်မာညစ်ညမ်းသောစကား မဟုတ်ပေ။ သီလရှင်မယ်ကင်းမှ လှူဒါန်းရန် သင်္ဘောသီးနှင့် သီလရှင်ငယ်တို့ကို





စေလွှတ်လိုက်ရာမှ ဤသင်္ဘောသီးလှူရသော ကောင်းမှုကြောင့် ဘုရားဆုကို ပန်ပါသည်ဟု ဆရာတော်ဘုရားကို လျှောက်ထားခဲ့ဟု မှာလိုက်ကြောင်းကို သီလရှင်ငယ်များ ပြန်ကြားလျှောက်ထားသည့်အတွက် ဆရာတော်ဘုရားအနေနှင့် သီလရှင်မယ်ကင်းမှာ ယခုဘဝ မိန်းမဖြစ်သည့်အတွက် ဘုရားဆုကိုပန်ပေမယ့် မိန်းမအဖြစ်နှင့် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ မရောက်နိုင်သောကြောင့် မိန်းမဘဝက ယောကျ်ားဘဝသို့ရောက်အောင် ဆုတောင်းဦး၊ ယောကျ်ားဘဝကမှ ဘုရားဆုပန်လျှင် ဧကန်ဘုရားအဖြစ်သို့ ရောက်ပါလိမ့်မည်ဟူသော အဓိပ္ပာယ်ကို နှလုံးထား၍ ငါ၏ပေါင်ကြားက ဝတ္ထုကို သူ၏ပေါင်ကြားသို့ရောက်အောင် ဆုတောင်းလေဦးဟု ဆရာတော်မှ ပါရမီတရားဟောသည်ကို သူသဘောမကျတာကိုတော့ မတတ်နိုင်ပါ ဒကာတော်''

''ငါတို့ကို မဆိုထားနှင့်ဦး၊ ဘုရားရှင်ကိုယ်တော်တိုင်လည်း အခွင့်ကာလသို့ရောက်က ဘိက္ခုနီမများကို ဝိနည်းတရားနှင့် စပ်လျဉ်း၍ ရှန့်ရင်းသောစကားကိုပင် ကရုဏာတရားကို ရှေ့ထား၍ ဟောကြားတော်မူရပေသည် ဒကာတော်မင်းမြတ်။ စာချိုးရေး၍ ပေးပို့လိုက်သည် ဆိုရာမှာလည်း ဒေါသထား၍ ရေးပို့လိုက်သည်မဟုတ်ပေ။ သီလရှင်မယ်ကင်းသည် ဆရာတော်ကိုပင် မထေမဲ့မြင် အရောတဝင်

ပြုလုပ်လျက် ဟုတ်ဟုတ်ငြားငြား စာရေးသားပို့တာကြောင့် နောက်နောင်ကိုမပြုရဲရန် သူ့မာန်မာနကို နှိမ်၍ ဂါရဝတရား၊ နိဝါတတရား ဖြစ်ပွားစေလို၍သာ ရေးသားပေးပို့ခြင်းဖြစ်ပေတယ် ဒကာတော်မင်းမြတ်"ဟု ဇန်းမော်ဆရာတော်မှ ရှင်းလင်းမိန့်ကြားတော်မူပြီးသောအခါ မင်းတုန်းမင်းတရားကြီးမှ

"အရှင်မြတ်ဘုရား ဆရာတော်ဘုရားများသည် တစ်ပါးနှင့်တစ် ပါးမတူကြပါ။ မိမိတို့အလေးမူရာ ဝါသနာတော်သို့လိုက်ပြီး ဉာဏ်စူးစိုက်တော်မူမိရာကို အားကြီးလျက် အသီးသီး အလုံးစုံပင် တတ်မြောက်လိမ္မာတော်မူကြပါပေသည်ဘုရား။ သို့တမူ သင်္ဃာဆရာတော်ဘုရားကြီးမှာ စကားပြောတိုင်း ပောာတိုင်း မဆိုင်းမတွ ဥပမေယျနှင့် ဖြေနိုင်စွမ်းသည့်အတွက် ထက်မြက်ဂမ္ဘီရဉာဏ်အဆီသည် အလွန်ကြည်လင်သော ဆရာတော်ဘုရားဟု တပည့်တော် ထင်မှတ်ပါသည်ဘုရား"

မင်းတုန်းမင်းတရား၏ လျှောက်ထားစကားကို ဇန်းမော်ဆရာတော်က

"ဆရာတော် ပုံတစ်ခုပြောမယ် ဒကာတော်။ ရှေးအခါက ရွာတစ်ရွာတွင် တောင်ကျောင်း မြောက်ကျောင်းဟူ၍ ကျောင်းနှစ်ကျောင်းရှိရာ တောင်ကျောင်းဖိုးသူတော်က





မြောက်ကျောင်းဖိုးသူတော်ထံသွားပြီး စကားပုစ္ဆာပြဿနာပြု၍ ပုစ္ဆာအမေးထုတ်သည်မှာ အသင် မြောက်ကျောင်းသူတော် 'စိန္တေသိ'ဟူသော ပါဠိကို သင်သိလျှင် အနက်ပြန်စမ်းပါလို့ဆိုသတဲ့၊ ဒီတော့ မြောက်ကျောင်းဖိုးသူတော်က ထိုပါဠိကိုအနက် မပြန်နိုင်သဖြင့် ကြံမှိုင်စဉ်းစားနေဆဲမှာပင် တောင်ကျောင်းဖိုးသူတော်က မြောက်ကျောင်းဖိုးသူတော် အနက်ပေးနိုင်ရင် ပေးပါတော့ 'ပုစ္ဆိ' ဟူသော ပါဠိကလေး မေးစရာရှိပါသေးတယ်၊ နှေးလှပါကလားဟု ဆိုလျှင် အမေးခံနေရတဲ့ မြောက်ကျောင်းဖိုးသူတော်က တစ်ခုမှမပြီးသေးခင် တစ်ခုထပ်၍မေးရပါမည်လောဟု စိတ်ဆိုးဆိုးဖြင့် 'စိန္တေသိ' ကြံတုန်းရှိသေးတယ် 'ပုစ္ဆိ'လာမေးပြန်ပြီ ဆိုသတဲ့ ဒကာတော်"

"ဒီတော့ တောင်ကျောင်းဖိုးသူတော်က မြောက်ကျောင်းဖိုးသူတော်သည် ငါ၏ပုစ္ဆာပြဿနာကို ကောင်းစွာဖြေစွမ်းနိုင်ပေသည်ဟု ချီးမွမ်းပြီး မိမိကျောင်းကို ပြန်သွားသတဲ့။ အဲသလိုအတူပါပဲ။ ယခု ငါ့မှာလည်း 'စိန္တေသိ' ကြံတုန်းရှိသေး 'ပုစ္ဆိ' ဒကာတော်မင်းမြတ်က ထပ်၍မေးပြန်ပါပေါ့ကိုး"

ဤကဲ့သို့ ဇန်းမော်ဆရာတော်ကြီးက ဥပမာဥပမေယျစကားများဖြင့် မိန့်ကြားတော်မူသောအခါ မင်းတုန်းမင်း

တရားကြီးနှင့် မိဖုရား မှူးမတ်တို့သည် ဝမ်းမြောက်ဝမ်းသာ ချီးမွမ်းကြလေသတည်း။

❀❀❀



## မင်းတုန်းမင်းတရားကြီးနှင့် ဒက္ခိဏာရာမဆရာတော်

မင်းတုန်းမင်းတရားကြီးသည် ဒက္ခိဏာရာမဘုရားကြီးတိုက် ဆရာတော် အရှင်ဇာဂရအား ဖူးမြော်ကြည်ညိုလိုသော အာသီသရှိတော်မူသဖြင့် မှန်နန်းဆောင်တော်သို့ ပင့်စေလျက် ဆွမ်းဆက်ကပ် လှူဒါန်းတော်မူလေသည်။

ထိုသို့ ခဲဖွယ် ဘောဇဉ်တို့ကို ဆက်ကပ်တော်မူပြီး

"ဆရာတော်ဘုရား တပည့်တော် လှူဒါန်းဆက်ကပ်သော ခဲဖွယ် ဘောဇဉ်များ ဘုဉ်းပေးသုံးဆောင်ရတာ အရသာရှိပါရဲ့လားဘုရား" ဟု လျှောက်ထားမေးမြန်းတော်မူ၏။ ထိုအခါ ဆရာတော်က

"အို ရေမြေ့ရှင်ဒကာတော် ရှေးက ရွာတစ်ရွာတွင် ဇနီးမောင်နှံနှစ်ဦးတို့ ဘုန်းကြီးတစ်ပါးကို ကျောင်းဆောက်

ကိုးကွယ်ပြီး နေ့စဉ် ပေါက်ပွင့်သုပ်နှင့်ချည်း ဆွမ်းပို့ကြလေသည်။

တစ်နေ့သောအခါ ကျောင်းထိုင်ဘုန်းကြီးက ဒီလိုစဉ်းစားသတဲ့။ ငါ့မှာ နေ့စဉ် ပေါက်ပွင့်သုပ်နှင့်ချည်း ဆွမ်းစားနေရသည်။ 'ဒီအတိုင်းဆိုလျှင် အဆီအသားမဖြစ်ဘဲ တစ်နေ့သေဖို့သာရှိတော့သည်။ ဒီကျောင်းမှာ ငါဆက်နေရန် မသင့်တော့' လို့ဆုံးဖြတ်ပြီး အောက်ရပ်ဌာနီ ကြွသွားပြီး သင့်တော်သော ရွာတစ်ရွာမှာ ကျောင်းထိုင်တော်မူ၏။ ယင်းအခါ အောက်ရပ်ရွာက ကျောင်းဒါယကာ ဒါယိကာမတို့ကလည်း ပေါက်ပွင့်သုပ်နှင့်ပင် နေ့စဉ်ဆွမ်းပို့ကြပြန်ပါသည်။

တစ်နေ့တွင် ကျောင်းအစ်မက ကျောင်းသို့လာပြီး 'အရှင်ဘုရား တပည့်တော်မ၏ ထာဝရလက်စွဲ အမြဲကပ်လှူသော ပေါက်ပွင့်သုပ် ဘုဉ်းပေး၍ ကောင်းပါသလားဘုရား' ဟု လျှောက်ထားလေရာ ဘုန်းကြီးက

"အို ကျောင်းအမ ဘုန်းကြီးမှာ အညာနေတုန်းက ပေါက်ပွင့်သုပ်နှင့်ချည်း ဆွမ်းစားရသဖြင့် ပေါက်ပွင့်သုပ်ကြောက်လို့ ကျောင်းအမတို့ အောက်ရပ်ရွာကိုလာခဲ့တာ၊ သည်မှာလည်း ပေါက်ပွင့်သုပ်နှင့် တွေ့ရပြန်ပေသည်" လို့ မိန့်ကြားလေရာ စကားများသော ကျောင်းအမက

"သည်လိုဆို အရှင်ဘုရား အထက်ပေါက်နှင့် အောက်ပေါက် ဘယ်ပေါက်က သာလွန်၍ကောင်းပါသလဲ





ဘုရား" လို့ ထပ်မေးပြန်သတဲ့။ ဒီတော့ ဘုန်းကြီးကလည်း

"အို ကျောင်းအမ အောက်ပေါက်က အထက်ပေါက်ထက် သာလွန်၍ လေးလေးပင်ပင် ရှိပေတယ်" ဟူ၍ ပြောဆိုသတဲ့ ဒကာတော်ရေမြေ့ရှင်၊ အခုလည်း ရေမြေ့ရှင်မင်းတရား ဆက်ကပ်လှူဒါန်းတဲ့ ခဲဖွယ် ဘောဇဉ်သည် လွန်အောင်ပင် ကောင်းပေသည်" ဟု မိန့်တော်မူလျှင် မင်းတရားကြီးနှင့်တကွ မှူးတော် မတ်တော်များ အားရဝမ်းသာကြ၏။ ဆရာတော်သည် ဆွမ်းအနုမောဒနာတရားတော်ကို ဆက်လက်ဟောပြောတော်မူပြီးနောက်

"ဒကာတော် ရေမြေ့ရှင်မင်းတရား ငါးပါးသီလ ခါးဝတ်ပုဆိုးကဲ့သို့ မြဲပါ၏လော၊ ရှစ်ရက်သီတင်း လပြည့်လကွယ်နေ့များ၌ ရှစ်ပါးသီလ ဆောက်တည်စောင့်သုံးပါ၏လော" ဟု မေးတော်မူသည်တွင် မင်းတုန်းမင်းတရားကြီးက

"ဆရာတော်ဘုရား တပည့်တော်သည် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မကျိုးမပေါက် မပြောက်မကြားရအောင် သတိပြု၍ စောင့်ထိန်းပါသည်။ ရှစ်ရက်သီတင်း လပြည့်လကွယ်နေ့များမှာလည်း ရှစ်ပါးသီလကို အားထုတ်စောင့်ရှောက်ပါသည် အရှင်ဘုရား"

"အို ဒကာတော် ရေမြေ့ရှင်မင်းတရား ငါးပါးသီလ၊ ရှစ်ပါးသီလ စောင့်ရှောက်သည်ကား လွန်စွာကောင်းလှပေ

သည်။ သို့ရာတွင် ဖိုးသူတော် ပုတီးစိပ်သလို မဖြစ်စေနှင့်” ဟူ၍ မိန့်ကြားတော်မူ၏။ မင်းတုန်း မင်းတရားကြီးလည်း

“ဆရာတော်ဘုရား ဖိုးသူတော်ပုတီးစိပ်ပုံကို ဆက်လက် မိန့်ကြားတော်မူပါဘုရား”

“ဒါယကာမင်းမြတ် ရှေးက ရွာတစ်ရွာရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ဖိုးသူတော်တစ်ယောက်ရှိတယ်။ အဲဒီဖိုးသူတော်ရဲ့ ပုတီးက ပုတီးလုံး သုံးလုံးသာရှိသတဲ့။ အဲဒီပုတီးသုံးလုံးနှင့်ပင် ‘အနိစ္စ= အမြဲမရှိ၊ ဒုက္ခ= ဆင်းရဲ၏၊ အနတ္တ=ကိုယ်မဟုတ်အစိုးမရ၊ အလိုသို့မလိုက်’ တစ်ခေါက်မျှသာ နေရာတကျစိပ်ပြီးလျှင် နောက်ပိုင်း ကောင်းမွန်စွာမစိပ်မူ၍ ငင်းနည်း ငင်းနည်းဟုဆိုပြီး စိပ်သတဲ့။ ထိုသို့ ငင်းနည်း ငင်းနည်း ဖိုးသူတော်ပုတီးစိပ်နေသည်ကို အခြားဉပုသ်သည်တို့ ကြားလေလျှင် အနီးအနားသို့ကပ်ပြီး အိုကိုသူတော် အဘယ့်ကြောင့် ငင်းနည်း ငင်းနည်းဟုဆို၍ ပုတီးစိပ်နေသနည်းလို့ ဝိုင်းမေးကြတော့ ဖိုးသူတော်က ‘အင်း ဒကာများကဖြင့် သူတစ်ပါးပုတီးစိပ်နေသည်ကို ပြောချင်ဆိုချင်လွန်းကြသည်၊ အစကလာပြီး နားမထောင်ကြဘဲနှင့်’ လို့ ဆိုသတဲ့ ဒကာတော်မင်းတရား”

“အို ရေမြေ့ရှင် ရေမြေ့ရှင်မှာလည်း တစ်ခါတည်း စောင့်ရှောက်၍ နောက်ကိုဖြင့် ဖိုးသူတော်လို ငင်းနည်း





ငင်းနည်းများမလုပ်ပါနှင့်” ဟု ထပ်မံမိန့်ကြားတော်မူရာ အနီးရှိ မိဖုရားကြီးများနှင့် သားတော် သမီးတော်များ အားလုံး ရယ်မောရွှင်မြူးကြလေသည်။

ဤသို့ဖြင့် မင်းတုန်းမင်းတရားကြီးသည် အခါအားလျော်စွာ ကြည်ညိုနှစ်သက်ရာ ဆရာတော်ကြီးများကို မှန်နန်းဆောင်သို့ ပင့်ဖိတ်ကာ ဆွမ်း၊ ကွမ်း၊ ခဲဖွယ်များ ဆက်ကပ်လှူဒါန်း၍ သိလိုရာများကို လျှောက်ထားမေးမြန်းလေ့ရှိကြောင်း စာဟောင်းများအရ မှတ်သားရပါသတည်း။

❀❀❀

## မင်းတုန်းမင်းတရားကြီးနှင့် ရေမြုပ်ဖုံး

အောင်ပင်လယ်ကန်ရိုး၏ တောတန်းတစ်လျှောက်တွင်ကား ငြိမ်သက်တိတ်ဆိတ်နေသော်လည်း ဖြိုးဖြိုးဖြောက်ဖြောက်နှင့် ကျနေသော ဆီးနှင်းပေါက်တို့၏ အသံနှင့် လယ်တော်ကွင်းကို ချင်းနင်းဖြတ်တိုက်လာသော လေ၏ လှုပ်ရှားသံတို့မှာ အောင်ပင်လယ်ကန်၏ ရွာရိုးတစ်လျှောက်ကို တေးဆိုချော့သိပ်နေသကဲ့သို့ပင် ရှိတော့၏။

တိတ်ဆိတ်ခြင်းဖြင့် တန်ဆာဆင်ထားသော တောတန်းကလေးအတွင်းသို့ ပတ်ဝန်းကျင်တစ်ခုလုံးကို လှုပ်ကိုင်နှိုးလိုက်ဘိသည့်အလား အပြင်းစိုင်းနှင်လာသော မြင်းခွာသံများကြောင့် ကောက်ရိုးပုံများအကြား၌အိပ်နေသော ယာစောင့်ခွေးများသည်ပင် ကွေးနေရာမှ လန့်နိုး၍ အသံလာရာသို့

မျှော်မှန်းယောင်ရမ်းကာ အသံရှည်ဆွဲကာ အူလိုက်ကြ သည်မှာ ကြက်သီးထဖွယ်ရာပင်ဖြစ်သည်။ မကြာခင်ပင်လျှင် အိမ်ရှေ့စံကိုယ်တော်ကြီး၏ နောက်တော်ပါမြင်းတပ်စစ်သည် ရဲမက်များ ရောက်ရှိလာပြီးလျှင် အောင်ပင်လယ်တစ်ဝိုက်တွင် တပ်ဖြန့်လျက် ငြိမ်သက်စွာ နေရာယူထားကြလေသည်။

အောင်ပင်လယ်ရွာဦးကျောင်း ဆရာတော်၏ အမှူ ဝေသံမှာ ချာလည်ချာလည်မြည်ဟည်းနေသော ကြေးစည်သံ နှင့် အတူ နိဗ္ဗာန်တေးကို ရင့်ကျူးလျက်ရှိ၏။ ယနေ့နံနက် ရွှေနန်းတော်ကြီးမှ ဆွမ်းစားပင့်ဖိတ်ထားသည်ကို သတိရလာ သည်။ ထို့နောက် ဆရာတော်သည် သင်္ကန်းတော်များကို လဲလှယ်၍ တပည့်ကျောင်းသားကလေးနှင့်အတူ ကျောင်း ပေါ်မှ ဆင်းသက်ကြွလှမ်းတော်မူလေသည်။

ထိုရွာဦးကျောင်းနံဘေးရှိ ကိုင်းတောကို ဖြတ်၍ ပေါ်ထွက်လာသော ကကြိုးတန်ဆာအပြည့်အစုံ ဆင်ယင် ထားသည့် ဖောင်းဝတ်ဖြူမြင်းကြီး တစ်စီးပေါ်တွင် ခံ့ညား ထည်ဝါလှသော ချပ်ဝတ်တန်ဆာတို့ဖြင့် ရှေ့သို့ လှမ်းမျှော် ကြည့်နေသော အိမ်ရှေ့ကိုယ်တော် ကနောင်မင်းသားကြီးကို တွေ့မြင်ရ၏။ အိမ်ရှေ့စံကိုယ်တော်ကြီး၏ နောက်တော်ပါး မကျတကျ မြင်းတစ်ခေါင်းမျှ နောက်ချန်၍ ဘေးမှကပ်လိုက် လာသော အုန်းခွံရောင်မြင်းညိုကြီးပေါ်မှ ပုဂ္ဂိုလ်မှာမူ အသက်





အရွယ်ထောက်လာသည့်အလျောက် မောပန်းလာဟန်တူ သော်လည်း ခံ့ညားထည်ဝါလှသော နှုတ်ခမ်းမွေးဖြူကြီးများ မှာ ပါးနှစ်သွယ်ထက်မှ ကျဆင်းလျက် ရှိနေ၏။

"ဘယ့်နှယ်လဲ ရွှေပြည်ဝန်မင်းရဲ့၊ စောစောစီးစီး ထွက်ခဲ့ရလို့ မောမှုတ်တယ်ဗျာ"

"တိုင်းပြည်ရဲ့ရှေ့ရေးတွေးပြီး မမောနိုင်ပါဘုရား"

"အေးလေ ဒီကိစ္စ ဒီကနေ့အောင်မြင်ရင် ကျုပ်တို့ မင်းတရားကြီး နောင်တော်ဘုရားဟာ ဒီဇမ္ဗူတရိုးမှာ ဘယ် လူမျိုးမှ ကြောက်မက်ဖွယ်ရာမမြင်ဘူးဗျ"

"မှန်လှပါ၊ ဒီကနေ့ အရေးတော်အောင်မြင်ပုံပေါ် ကြောင်းပါ၊ ကုလားဖြူတွေသုံးတဲ့ စပ်ထုံးအရ နည်းစနစ်ကို မဖောက်ဘဲ အထောက်တော်များ ပေးပို့လိုက်တဲ့လျှို့ဝှက်စာ ပါအတိုင်း အောင်မြင်စွာ စီမံဖော်စပ် လုပ်ကိုင်ထားတာဖြစ်လို့ အကြောင်းမဲ့မဖြစ်နိုင်ပါ"

"အိန်း ညီတော်သုံးဆယ်မင်းသားရဲ့ ယမ်းစပ်နည်း စနစ်ဟာလည်း အတော်ကောင်းသဗျ"

"မှန်ပါ အနောက်နိုင်ငံထွက် ကျမ်းစာအုပ်များမှ သုံးဆယ်ကိုယ်တော်လေး ကုလားဖြူဂျပ်ဆင်ကို မြန်မာပြန် နိုင်းပြီး ကူးယူထားတဲ့နည်းများ ဖြစ်ကြောင်းပါ"

ရွှေပြည်ဝန်မင်း၏စကားအဆုံးတွင် ကနောင်မင်း၏ မျက်နှာတော်မှာ ပြုံးယောင်သမ်းလာပြီး ရှေ့သို့ငေးစိုက်

ကြည့်ရင်းက မျက်နှာတော်တစ်မျိုးပြောင်းလာလျက် ပတ္တမြား ကျောက်စီဓားတော်ကို လက်တော်နှင့် ဆုပ်ကိုင်လိုက်ပြန်သည်။ ရွှေပြည်ဝန်မင်းဦးဖိုးလှိုင်မှာ အိမ်ရှေ့ကိုယ်တော်ကြီး၏မျက်နှာတော်ကို အကဲခတ်လျက် ရှိနေသည်။

"ယောမင်းကြီးရဲ့ ကင်းဝန်ကဖြင့် ကုလားဖြူများကို တယ်ချီးမွမ်းဆိုပါကလားဗျ၊ ကုလားဖြူနိုင်ငံကို တစ်ခေါက်စ နှစ်ခေါက်စ ရောက်ဖူးတာနဲ့ ကုလားဖြူကို တယ်အထင်ကြီးခဲ့ဆိုကိုး။ ကုလားဖြူဘက်တော်သားများ ဖြစ်သွားမှာ စိုးရိမ်နေရပြီဗျ။ ကမ္ဘာတစ်လွှားမှာ ကုလားဖြူက ဘယ်သူမှ ဗိုလ်မထားဘူးလို့ ဆိုစကားကြားရတော့ ရက်ဖွယ်မဟုတ်လား မင်းကြီး"

"မှန်ပါ မြန်မာ့သတ္တိနဲ့ မြန်မာ့ဉာဏ်ကို မြန်မာ ဆန်ဆန် အကဲမခတ်တတ်လို့ အလွဲအမှတ်ပြောမိခြင်း ဖြစ်ဟန်တူပါသည်ဘုရား၊ ယခု အထောက်တော်များထံမှလည်း ကုလားဖြူများရဲ့ အရိပ်အခြည်ကို အစီရင်ခံချက်များ ရထားပြီးဖြစ်လို့ စိုးရိမ်ဖွယ်မရှိကြောင်းပါ"

"အင်း ပညာတော်သင် ငရွှေသားဆီကရတဲ့ လျှို့ဝှက်စာဟာ လေးလကြာမှ ကုလားဖြူအရေးပိုင်မှတစ်ဆင့် ရွှေမြို့တော်ရောက်လာတာကလား၊ ဒူးဂဏန်း၊ ကြေးဂဏန်းနဲ့ ရေးထားတဲ့စာဆိုတော့ ကြားဖောက်ပြီး သူတို့ဖတ်ပေမယ့်





သူတို့ နားမလည်နိုင်ပါဘူး မင်းကြီး၊ အခု ငရွှေသား လက်နက်မျိုးစုံလုပ်ကိုင်တဲ့အတတ်ကို တတ်မြောက်ပြီး ပြန်လာတော့မှာမို့ မကြာခင် မြန်မာနိုင်ငံကို လက်နက်တပ်ဆင်ပြီး အောက်ကုလားဖြူပိုင်နယ်ကို သိမ်းမယ်ဗျ"

"မှန်လှပါ ကိုယ်တော်ကြီးတည်ဆောက်ခဲ့တဲ့ လက်နက်ခဲယမ်း စက်ရုံတော်ဟာဖြင့် မြန်မာကို ကမ္ဘာက မော်ဖူးရမယ့်အရေးပါပဲ။ ကုလားဖြူရန်ခံနိုင်ဖွယ်မရှိနိုင်တော့ပါ"

ကနောင်မင်းသည်လည်း အောင်ပင်လယ်ကန်ရိုးသို့ ရှုးစိုက်၍ ကြည့်ရင်း အရှေ့အရပ်က ထွက်ပြူလာသော နေရောင်အောက်တွင် ရွှေသားအဆင်းကဲ့သို့ ဝင်းဝါသော သင်္ကန်းတော်များ၏အရောင်ဖြင့် မင်းလမ်းမကြီးကို တန်ဆာဆင်၍ ရွှေနန်းတော်ကြီးသို့ ဦးတည်ကြွမြန်းနေတော်မူကြကုန်သော သံဃာတော်အရှင်မြတ်များကို တွေ့နေရပေသည်။

"ဒါနဲ့ မင်းကြီးရဲ့၊ ဒီနေ့ နောင်တော် ရွှေနန်းရှင်ဘုရား နန်းဦးမှာ သံဃာ့ဒါနဆွမ်း ဆက်ကပ်အလှူတော်ကြီး ခင်းကျင်းတဲ့နေ့ပါကလား၊ အင်း ရွှေနန်းရှင်ကတော့ဖြင့် သာသနာရေးကိုသာ အကဲပေးတော်မူနေတာပဲ။ တိုင်းပြည်ရဲ့ ရန်စွယ်ရန်ငြောင့်တွေကိုဖြင့် မေ့လို့ဖြင့်နေသလား မသိဘူး"

"မှန်ပါ၊ အရွယ်တော်ကထောက်လာတော့ သာသနာရဲ့ အရိပ်အာဝါသအောက်မှာပဲ ရတနာသုံးပါးကိုသာ

ကြည်ညိုသဒ္ဓါ ပွားတော်မူရာတာပါဘုရား။ နက်ဖြန်ဆိုရင် မြင်းခင်းသဘင်ပွဲတော်ကြီး စတော်မူပေမယ့် ရွှေနန်းရှင်ဘုရား ထွက်တော်မမူဘူးလို့ ကြားရပါတယ်ဘုရား"

"အဲဒီလို တိုင်းပြည်ကို ပစ်ထားလို့လည်း ဘယ်တော်မလဲ မင်းကြီး၊ ကျုပ်မှာတော့ နောင်တော်ဘုရားကိုပဲ သစ္စာတော်မြဲပြီး အသက်နဲ့ရင်းလို့ တိုင်းတော်ပြည်တော်အရေး ဆောင်ရွက်နေရတာ၊ ဘယ်မှာများ အိမ်ရှေ့မင်းစည်းစိမ်ဆိုတာ ခံစားရဖူးသလဲဗျ။ ဒါတောင် မြင်ကွန်းညီအစ်ကိုနှစ်ယောက်က မျက်နှာကိုမျှမထောက် မောက်မောက်မာမာ နေရာတကာ ဝင်ရှုပ်ချင်နေတာ ကြားရမဟုတ်လားဗျ"

ထိုအတောအတွင်း ကနီစစ်ကဲတော်မင်း ရောက်လာသဖြင့် စကား စ ပြတ်သွားပြီး ကနီစစ်ကဲတော်မင်းသည် မြင်းပေါ်မှဆင်း၍ အိမ်ရှေ့ကိုယ်တော်အား တုပ်ဝပ်ရှိခိုးပြီး နောက်တော်ပါရဲမက်များယူလာသော ရေမြုပ်ဖုံး၊ ယမ်းဘီလူးများကို တစ်ခုချင်းထုတ်ကာ အိမ်ရှေ့ကိုယ်တော်ကြီး၏ရှေ့တော်ရှိ ကတ္တီပါကော်ဇောပေါ်သို့ တင်ဆက်လေသည်။

"အချိန်တော်ကျပြီလား မောင်မင်း"

"မှန်လှပါဘုရား"

"ကဲ ကဲ ကိုယ်တော်မြတ်ကွပ်ကဲပြုလုပ်တဲ့ ယမ်းဘီလူး တော်ပီတို ဖုံးတစ်လုံးကို အရင်ဆုံးစမ်းကြည့်စို့ရဲ့၊





နောက်မှ ယောမင်းကြီးစီရင်တဲ့ ရေမြုပ်ဖုံးကိုစမ်းကြ မောင်မင်းများ"

အိမ်ရှေ့ကိုယ်တော်ကြီးသည် တစ်ရွေ့ရွေ့ ကန်တော်ဘက်သို့ မြင်းဇက်လှည့်၍ပေးလိုက်၏။ ကန်တော်၏ရှေ့တွင်ကား ရေမြုပ်ဖုံးများ၊ တော်ပီတိုယမ်းဘီလူးဖုံးများကို ခင်းကျင်းပြသထားသည်။ အချိန်ကား နံနက် ၇ နာရီခန့်ရှိလေပြီ။ အိမ်ရှေ့ကိုယ်တော်တိုင် လျှို့ဝှက်စီမံထားသော ဖုံးများကို လက်တော်နှင့်ကိုင်တွယ်ကြည့်ရင်း အားရကျေနပ်စွာ ပြုံးတော်မူလိုက်၏။ အောင်ပင်လယ်ကန်တစ်ဝိုက်တွင်ကား တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

အိမ်ရှေ့ကိုယ်တော်ကြီးသည် တော်ပီတို၏စနက်တံကို မီးရှို့၍ အားကုန်လွှဲကာ အောင်ပင်လယ်ကန်တွင်းသို့ ပစ်သွင်းလိုက်လေသည်။

"ဒိုင်း" ဟူသောအသံကြီးမှာ ပတ်ဝန်းကျင်တစ်ခုလုံးကို မြည်ဟည်းရိုက်ခတ်သွားပြီးနောက် ဆက်ကာ ဆက်ကာပင် ကြောက်မက်ဖွယ်ကောင်းလှသော ရေမြုပ်ဖုံးသံ၊ တော်ပီတိုဖုံးသံတို့သည် တရစပ် မြည်ဟည်း၍ ပေါ်ထွက်လာပြီး အောင်ပင်လယ်ကန်ဝန်းကျင်တစ်ခုလုံးကို မီးခိုးတို့ဖြင့် ဖုံးစေတော့၏။ ပွဲတင်ထပ်မျှ မြည်ဟည်းလိုက်သော အသံများကြောင့် အောင်ပင်လယ်ရွာသူရွာသားများမှာ ကမ္ဘာပျက်

သကဲ့သို့ အိမ်ပြင်သို့ထွက်၍ ဦးတည်ရာသို့ ပြေးလေတော့သည်။

"ဟား ဟား ဟား အောင်ပြီ၊ ကမ္ဘာတစ်လွှားမှာ မြန်မာကြွားနိုင်ပြီ၊ ဒီလက်နက်ဒဏ်ကို ဘယ်ကုလားဖြူ ခံနိုင်မှာတုံး မင်းကြီးရဲ့၊ ကျုပ်တို့ ခြောက်နှစ်လုံးလုံး လှို့ဝှက်ကြံစည်လာခဲ့ရတဲ့ ရေမြုပ်ဗုံး၊ ရေကြောင်းက သင်္ဘောပေါင်းများစွာနဲ့ တက်လာမယ့် ကုလားဖြူရန်၊ ကျုပ်တို့ ရေမြုပ်ဗုံးရဲ့ဒဏ် ဘယ်မှာခံနိုင်မှာတုံးဗျ"

အိမ်ရှေ့ကိုယ်တော်ကြီး၏အသံမှာ မာကျောခက်ထန်၍ လက်သုံးတော် ကျောက်စီဓားကို ဓားအိမ်မှထုတ်ပြီး ဝင့်ကာ

"ဟေ့ မြန်မာကိုအထင်သေးရင် ကုလားဖြူ ရင်လေးမဟေ့နော်" ဟူသော ကြိမ်းဝါးသံမှာ အောင်ပင်လယ်ကန်တစ်ခုလုံးကို လွှမ်းခြုံ၍ သွားတော့၏။ အောင်ပင်လယ်တစ်ဝိုက်တွင် လုံခြုံရေးတပ် ချထားသော တပ်တော်သားများကလည်း "အောင်ပြီ အောင်ပြီ" ဟူသော အသံဖြင့် သူတို့၏ ဓား လှံများကို မိုးယံထက်တွင် တဝင့်ဝင့် ကွန့်မြူးလျက်ရှိနေပေတော့သည်။

ကနောင်မင်းသည် ရွှေနန်းတော်ဘက်သို့ လှည့်ကာ လက်ယှက်ရှိခိုးလိုက်ပြီးနောက်





"နောင်တော်မင်းမြတ် ကြားရရင် အားရွှင်လန်းတော်မူမယ် မင်းကြီး"

"မှန်ပါ ဒီအသံကို ရွှေနန်းတော်အတွင်း သံဃာ့ဒါနဆွမ်းကျွေးပွဲမှာ အုတ်အော်သောင်းတင်းဖြစ်သွားမှာပါဘုရား"

ထိုအခိုက်မှာပင် အောင်ပင်လယ်ကန်တော်ရွာမှ ကြေးစည်သံနှင့်အတူ "သဗ္ဗေသတ္တာ အဝေရာဟောန္တု" ဟူသော ဆရာတော် ဦးနရိန္ဒ၏ မေတ္တာကမ္မဋ္ဌာန်းသံသည် ကန်တော်တစ်ဖက်ကို ဖြတ်ကျော်၍ တိမ်ယံသို့တက်သွား၏။ ကနောင်မင်း၏ မျက်နှာတော်သည်လည်း အနည်းငယ်ညှိုးသွားလေသည်။ မကြာမီ အောင်ပင်လယ်ကန်တော်တစ်ဝိုက်ရှိ လုံခြုံရေးမြင်းတပ်ကြီးသည် ရုပ်သိမ်းသွားကြလျက် နေရောင်တွင် တဝင်းဝင်း တပြောင်ပြောင် တောက်ပနေသော ချပ်ဝတ်တန်ဆာများ၏အရောင်ဖြင့် ကန်ပေါင်ရိုး၏ လမ်းမကြီးပေါ်တွင် စီတန်းလျက် သွားကြတော့၏။

အိမ်ရှေ့စံကိုယ်တော်ကြီးသည်လည်း မြောက်အိမ်တော်သို့ ဦးတည်စိုက်စိုက် မြင်းကို စိုင်းနှင်းသွား၏။ မြောက်ဥယျာဉ်တောင်ဘက်ရှိ လက်နက်စက်ရုံတော်မှ တူသံ ပေသံတို့သည် အောင်ပွဲရကိုယ်တော်ကြီးအား ဆီးကြိုနှုတ်ဆက်နေသကဲ့သို့ ထင်ရသည်။ မြောက်အိမ်တော်၏ ရှေ့လှေကားမှ တစ်လှမ်းချင်း တက်လာသော မောင်တော်ဘုရားအား လှိုင်

မိဖုရားသည် ကိုယ်တော်တိုင် ငွေဖလားဖြင့် ရေခွက်ကိုကိုင်၍ ခြေဆေးရန်စောင့်နေ၏။ မောင်တော်၏ ဖိနပ်တော်ကိုချွတ်၍ ခြေတော်ကို ရေဆေးတော်မူပြီးနောက် လှမ်းပေးလိုက်သော လက်သုံးတော်ရွှေဓားကိုပိုက်ကာ အတွင်းတော်သို့ ဝင်တော်မူသည်။ ထို့နောက် ရွှေဓားတော်ကို စင်ပေါ်သို့တင်လျက် မောင်တော်ကို ဒူးတုပ်ခစားလျက်နေလေသည်။

"ခေါင်နန်းတော်ကြီးဆီကို ဒီမနက် အခစားဝင်ပါသေးသလား နှမတော်"

အိမ်ရှေ့ကိုယ်တော်ကြီးက ရွှေမျက်နှာတော်ကို မျက်သုတ်တော်ဖြင့်သုတ်ရင်း မေးတော်မူလေသည်။

"မှန်လှပါ အလှူတော်ပွဲက မစဲခင်ကပဲ ပြန်ခဲ့ကြောင်းပါဘုရား"

လှိုင်မင်းသမီး၏ ရွှေမျက်နှာမှာ ညှိုးနွမ်းသွားသည်ကို ကနောင်ကိုယ်တော်ကြီး မြင်လိုက်၏။

"မောင်တော်ရဲ့ တော်ပီတိုရေမြုပ်ဗုံးသံများ ရွှေနန်းယံက ကြားကြမဟုတ်လား နှမတော်"

"မှန်ပါ မောင်ဘုရားရဲ့ဗုံးသံများကြောင့် တစ်နန်းတော်လုံး အုန်းအုန်းကျွက်ကျွက် ဆူညံသွားကြောင်းပါဘုရား"

ကနောင်ကိုယ်တော်ကြီး၏ မျက်နှာတော်မှာ ကျေနပ်ခြင်းဖြင့် ပြုံးတော်မူလေသည်။





"ရွှေနန်းရှင်ဘုရားက ဘယ်လိုများ အမိန့်တော်ရှိသတုံးကွဲ့"

"မှန်ပါ မှူးတော် မတ်တော်များ လျှောက်တင်ချက်အရ ရွှေနန်းရှင်ဘုရားမှ မောင်တော်ရဲ့ စစ်လက်နက်သံဖြစ်ကြောင်း သိရှိကြောင်းပါ၊ ဒါပေမဲ့ သာသနာပိုင်ဆရာတော်ဘုရား ဆွမ်းစားရာက ဆွမ်းကို ဆက်လက်ဘုဉ်းမပေးတော့ဘဲ လက်တော်ဆေးလိုက်တဲ့အတွက် ရွှေနန်းရှင်ဘုရားက လျှောက်ထားမေးတော်မူပါတယ် မောင်ဘုရား"

"အင်း မိန့်စမ်းပါ ဘယ်လိုတဲ့တုံး"

"မှန်ပါ သတ္တဝါတို့ရဲ့အသက်ပေါင်းများစွာ သေကျေပျက်စီးမယ့်အရေး တွေးပြီး ဆွမ်းစားမဝင်ပါကြောင်း မိန့်ကြားပါတယ်ဘုရား"

"အင်း အင်း ကုလားဖြူဘုန်းကြီးများဆိုရင် သည်ထက် မဝင်လိမ့်မပေါ့ နှမတော်"

"သာသနာ့ဒါယကာမင်းမြတ်ရဲ့ စိတ်ဓာတ်တော်တွေနဲ့ သတ္တဝါအပေါင်း ပျက်စီးကြောင်းအမှုဟာ ဒွန်တွဲမနေသင့်ပါဘူးတဲ့ မောင်တော်၊ ဒါကြောင့် သတ္တဝါများရဲ့ အေးငြိမ်းရာ အေးငြိမ်းကြောင်း ရှာစေချင်ပါတယ်လို့ မေတ္တာရပ်ခံပါတယ်ဘုရား"

"အင်း တယ်ဟုတ်သကိုး။ နောက်တော်ရွှေနန်းရှင်က ဘယ်လိုများ လျှောက်ထားသတဲ့လဲ နှမတော်"ဟု

အမေးတော်ရှိသော်လည်း လိုင်ထိပ်ခေါင်မှာ မည်သို့မျှ မလျှောက်တင်ဘဲ ခေါင်းငုံ့ပြီး ငြိမ်သက်လျက် ရှိနေသဖြင့်

"အင်း တိုင်းပြည်အရေးထဲ ဝင်စွက်ရင် မောင်တော်တို့တိုင်းပြည်ဟာ သူ့ကျွန်လုံးလုံး ကိစ္စတုံး ဖြစ်ဖို့ပဲရှိတော့တာပဲမဟုတ်လား နှမတော်"

ထိုအတောအတွင်း လျှောင်းတော်ဦးမှာ ယောမင်းကြီး အခစားဝင်လာကြောင်း အဆောင်ကိုင်တစ်ဦး လျှောက်ထားလာသည်နှင့် ကနောင်မင်းသည် ဖြည်းညင်းလေးကန်သော ခြေတော်စုံကို ကြမ်းပေါ်နင်းကာ လက်ပိုက်၍ လျှောင်းတော်ဦးသို့ ကြွတော်မူလာ၏။ ခံပြင်းသောစိတ်ဖြင့် တက်တစ်ချက်ခေါက်ပြီးမှ

"ဘယ့်နှယ်လဲ ယောမင်းကြီးရဲ့၊ ကြားရဲ့မဟုတ်လားဗျ၊ ဒီလိုဆို ကျုပ်တို့နိုင်ငံ ကြာကြာခံနိုင်ပါ့မလား မင်းကြီး"

"မှန်လှပါ နစ်မွန်းဖို့အကြောင်းပါပဲဘုရား"

"အိန်း ရွှေနန်းရှင်ဘုရားရဲ့သဘောတော်က ဘယ်လိုတဲ့တုံး"

"မှန်လှပါ ရွှေနန်းရှင်ဘုရားက ကိုယ်တော်တိုင် ညီတော်ကို ဖျောင်းဖျတားဆီးပေးပါ့မယ်လို့ သာသနာပိုင်ဆရာတော်ကို ဦးတိုက်လျှောက်ထားပါသတဲ့ဘုရား"

"အင်း ကိုယ်ကျိုးတော့နည်းပြီ မင်းကြီးရယ်၊ ကျုပ်တို့တိုင်းပြည်တော့ ကျွန်လုံးလုံးဖြစ်ပြီပေါ့ကွယ်"





အိမ်ရှေ့စံကိုယ်တော်ကြီးသည် ဝက်လဲတော်အင်္ကျီ ရွှေဇာဖျင်လက်ဖြင့် မျက်နှာတော်ကို ပိတ်ဖုံး၍ ယူကျုံးမရ၊ ကြေကွဲတော်မူနေရင်းက အဝေးမှ စစ်ချီစစ်တက်အသံတို့ကို ကြားနေသယောင်ယောင်ဖြင့် ဝေခွဲမရရှိနေဆဲပင်။

❀❀❀

## မင်းတုန်းမင်းတရားကြီး ထွက်တော်မူအခမ်းနားနှင့် ဖြင်စည်မင်းသား

သက္ကရာဇ် ၁၂၁၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၃ ရက်နေ့၊ အဝမြို့သို့ ရေကြောင်း ကြည်းကြောင်း တပ်ဝင်းအခင်းအကျင်းများနှင့် ဘဝရှင်မင်းတုန်းမင်းတရားကြီးဘုရားနှင့် တောင်နန်းမိဖုရားခေါင်ကြီးတို့သည် လက်ရွေးကြီးလှော်ကားတော်နှင့် လက်သစ်လှော်ကားတော် နှစ်စင်းကို ဆင်ယင်သားသော ကရဝိတ်ဖောင်တော်တွင် ရွှေစက်တော်တင်၍ လှော်ကား ရွှေလှေ၊ ရွှေလောင်းများခြံရံပြီး ထွက်ချီတော်မူလေသည်။

မင်း မိဖုရား ကိုယ်လုပ်တော်တို့နှင့် အိမ်ရှေ့မင်းမှစ၍ မင်းညီမင်းသားတို့နှင့် မှူးတော်မတ်တော်တို့မှာလည်း သနား

တော်မြတ်ခံရသည့် ရဲလှေတော်များစီး၍ ဝဲယာ ခြံရံလျက် လိုက်ကြရ၏။ အဝမြို့သို့ ရောက်တော်မူလျှင် လောက သရဖူဘုရားကို ဖူးမြော်တော်မူပြီးလျှင် အမရပူရ ရွှေမြို့တော်သို့ ဝင်တော်မူ၏။

ထိုသို့ ရွှေလှေတော်ဖြင့် မြစ်ဧရာနဒီကြောသို့ လှည့်လည်တော်မူသောအခါ လှေတော်လှော်သူ၊ လှေသင်းသားတို့ သံပြိုင်သီဆို၍ လှေတော်ကို လှော်ကြရန် လှေလှော်သံများ ရေစပ်ဆက်သွင်းရမည်ဟူ၍ ပြင်စည်မင်းသားကြီးအား အမိန့်တော်ဖြင့် စေခိုင်းတော်မူလေသည်။

ဤသို့ဖြင့် လှေတော်လှော်သူ လှေသင်းသားတို့ ကြေး၊ နှဲ၊ ဗုံတော်၊ မောင်း စသော တူရိယာများ တီးခတ်သီဆိုနိုင်ရန် ပြင်စည်မင်းသားကြီး ရေးသားသီကုံးဆက်သွင်းသော လှေလှော်သံ "၃၇" ချင်းတို့မှာ

"ဘုရားရှိခိုး"

၁။ ချီးအုံ့မသွေ ခေါင်လှေမြထီး၊ တက်ရေးငယ်ညီ၊ သုံးဖန်ချီ၊ သံးဖန်ချတယ်၊ ကြီးတေဇလင်းလင်း။

"ရွှေလောင်းချီ"

၂။ မြအဏ္ဏဝေ၊ လေးတောင်ရေယမုန်ငြိမ့်အောင်၊ ကြွေးကြော်လိမ့်ပွဲဦး၊ ကြယ်ရူဝံသို့၊ ရွှေလောင်းချီဟန်ပြတယ်... ခြားနိုင်မှုထူးထူး။





"ရွှေလောင်းထွက်"

၃။ မိုးဏ္ဍနွာဖန်နှင်းသည့်၊ လှေမင်းဖျာ့ထိပ်ပန်၊ရွှေညီလာစံခင်းမှာ ဝင်းထိန်လို့လျှံ၊ ရွှေလောင်းထွက်ဟန် သီတာယံမြစ်လုံးမှာ ဘုန်းရောင်ကကြွားကြွား။

"မောင်တော်ယှဉ်"

၄။ ရှိပန်တော်ရွက်ဆင်၊ ခေါင်မဟာလက်ရွေးမို့၊ကြွေးရိုက်ပြင်ဆင်၊ ဖောင်တော်ယဉ်နွဲ့သည့်၊ ကျူးသာဖွဲ့ အေးအေး။

"တက်ကောက်"

၅။ ရွှေဗိမာန် ရတနာ၊ ကိုးမျက်စုံလျှံညီးလို့၊ ထီးရှစ်ဖြူကာ၊ မြယမုန်သီတာမှာ၊ တက်ကောက်ကာသံလေးငယ်၊ ကြွေးကြော်ကြညွှင်းညွှင်း။

"တက်မြောက်"

၆။ ထီးရာနန်းသျှောင်၊ ပန်းတောင်ဇမ္ဗူပိုင်စိုးတဲ့၊ မျိုးနေညွှန့်မှန်၊ စက်တော်တင်နတ်ဖန်လို့၊ တက်မြှောက်ဟန်ညီလှတယ်၊ ယာဉ်နဒီရေခင်းမှာ၊ ရှင်းရှောင်ကြဝေးဝေး။

"တက်တန်း"

၇။ သင်ဖြူးငယ်ပြန့်ဘောင်၊ ရေပင်လယ်သာဂရလို၊ ထီးလျှော့မြနှောင်၊ ကိုးမျက်မွန်ဘုံဆောင်နှင့်၊ ရိပ်ဖြူကာမွမ်းသည့်၊ ရိုးတံလှသက်တန်း။

"တက်ခေါင်း"

၈။ လေးဒီပဘောင်၊ အောင်လျှော့မြထီး၊ မြသီတာလယ်၊ နွဲ့ညာဘယ်တက်စောင်းပြတယ်၊ ထူးနိုင်းမျှတင်းတင်း။

"တက်ထောင်"

၉။ မယ်သူ့ရိန်နေဝန်းသို့၊ လေးကျွန်းမှန်ကူ၊ တက်ထောင်ဟန်ယူရတယ်၊ နည်းမူလမယွင်း။

"တက်ယှက်"

၁၀။ မြန်မန်းမှန်ရောင်လျှပ်လို့၊ ကြီးမြတ်လှလျှော့မွန်ငယ်၊ ရူပံသို့တင်းတင်း၊ ရိုးလှသင်္ဂီ၊ တက်ယှက်ဟန်ညီလှတယ်၊ သောင်းဒီပ မှန်ကင်း။

"တက်ဝှက်"

၁၁။ မိုးယံမြင့်အာကာ၊ ရွှေဘုန်းတော်နေလသို့၊ ထွန်းပတေဇော၊ ဖုံးမောင်းသံသာသာနှင့်၊ တက်ဝှက်ကာဟန်ပြောင်းတယ်၊ များမြင်စသောင်းသောင်း။





"တက်ခတ်"

၁၂။ ရွှေစာမြီရောင်လက်လို့၊ ကိုးမျက်စုံစီ၊ တက်ခတ်ဟန်ပီလှတယ်၊ ရေးညီကြသီးသီး။

"တက်လှ"

၁၃။ ရွှေဘုန်းတော်နေရောင်၊ ပြည်ပြည်ထောင်ခွန်ဆီး၊ ထီးရာဥဿျောင်၊ မြသီတာယာဉ်ဘောင်မှာ၊ ခေါင်မဟာလျှော့မျှော့မင်းငယ်၊ ရေးတက်လှခင်း။

"အိမ်မိုးခြင်တင်"

၁၄။ သောင်းဒီပကျွန်းခွင်၊ နတ်ယာဉ်ပုံလျှော့မျှော့မှူးမို့၊ ထူးအာနိသင်၊ အိမ်မိုးငယ်ခြင်တင်သို့၊ ရေပင်လယ်အဏ္ဏဝါမှာ၊ ခြားနိုင်မျှ လင်းလင်း။

"ဓင်ယော်သုတ်"

၁၅။ ဖုံးမောင်းငယ်ရွှမ်းဆောင်၊ ရွှေတံမွှာငွေနှဲနှင့်၊ ရင့်နွဲခါလျှော်၊ ငှက်ဓင်ယော်တောင်သုတ်မှာ၊ သိမ်းအုပ်လိုဖြိုးကဲ။

"ဓင်ယော်ဝဲ"

၁၆။ ရေနန်းမြင့်ဘုန်းပေါ်၊ မြမိန့်တော်သံလေးနှင့်၊ လက်ရွေးလျှော့တော်၊ ငွေဓင်ယော်ဝဲလို့၊ ရေးယူမျှတက်စွဲ။

"ဝမ်းဘဲတောင်ဖြန့်"

၁၇။ ဂုဏ်သမ္ဘာဖန်နေစက်သို့၊ နှုန်းဘက်မပြော်၊ ညီစေ
နော် စာတော်ကူး၊ ထူးနိုင်မှုလုံးလုံး။

"ဝမ်းဘဲကန်"

၁၈။ တံပိုးငယ်ညံ့ညံ့၊ များဗိုလ်လူမျှော်မှန်းလို့၊ ရေပန်း
များလျှံ၊ ဝမ်းဘဲကန်ပုံထူးတယ်၊ များမြင်စအံ့မူးမူး။

"တက်မြန်"

၁၉။ မှန်နန်းမြင့်ရိပ်စံ၊ မြတ်မိန့်တော်ပြန်တမ်းနှင့်၊ ရွှေနန်း
စဉ်မှန်၊ တစ်ချက်လွှတ်ဟန်၊ ခေါင်လှေပြန်တက်ရေး
နှင့်၊ သောင်းဒီပ ရိုက်ကြွေး။

"ခေါ်တော်မူ"

၂၀။ ရွှေဗျာသံချိုထုတ်တဲ့၊ ခွန်းနှုတ်မဋ္ဌူ၊ ခေါ်တော်မူ
ဟန်ရေးငယ်၊ ခြားနိုင်မှုမနေး။

"ကိန္နရာတောင်ခတ်"

၂၂။ တောင်ဂန္ဓမာ၊ ရွှေကူသာလှိုင်နန်းက၊ ဖြန့်မြန်းခါခါ၊
ကိန္နရာတောင်ခတ်သို့၊ မိုးရပ်ကခြိမ့်သဲ။

"နတ်သမီးပန်းဆွတ်"

၂၂။ မြစ်လုံးပြည့်လှိုက်ဆူ၊ စိန်ချယ်ခြူး၊ ထီးရွှေရိပ်ဖြူ၊





နတ်မယ်လှ မိုးသူ၊ ပန်းဆွတ်ယူဟန်ထူးတယ်၊ ကြူး
သီးရင့်ညောင်းညောင်း။

"နတ်သမီးပန်းလှမ်း"

၂၃။ ရွှေပေါင်းငယ်ရံကာ၊ ရေသဘင်စံခန်းမှာ၊ ဆန်းလှ
သော်တာ၊ ဆင်းနတ်လှကညာလို၊ နွဲ့ဘယ်ညာ
ဟန်လှအောင်၊ များမြင်ကြ ပန်းလှမ်း။

"နတ်သမီးပန်းတောင်း"

၂၄။ ဣန္ဒနီလာ၊ စံဇမ္ဗူဂုဏ်ပြာသာဒ်လို၊ မိုးနတ်ဖန်လာ၊
ဆင်းရူပ မူယာမှာ၊ နတ်သူဓာမယ်လျငယ်၊ ထူးလှ
ပန်းတောင်း။

"သန်လျက်ထမ်း"

၂၅။ စိန်ဝဇီရောင်လျှပ်သို့၊ ရွှေပြာသာဒ်ဝေယံ၊ ဝိသကြုံ
ဖန်နှင်းတယ်၊ နတ်မင်းစီမံ၊ နတ်ဂုမ္ဘာန်သန်လျက်
ထမ်းလို့၊ ထူးလှတက်ဆန်း။

"ဆေးတံတော်ထိုး"

၂၆။ များလှေတိုင်းသူယဉ်၊ ညီညာစေသံလေးနှင့်၊ ကြွေး
ငြိမ့်ပဒ္ဓင်၊ ဆေးတံတော်ဟန်ယှဉ်လို့၊ ရေသဘင်ခါပွဲ
မှာ၊ သဲကျော်အံ့မဆုံး။

"ရာဇမတ်ကြီး"

၂၇။ စိုးဆဒ္ဒါန်ရာဇာ၊ စကြာတော်ထံရင်းဝယ်၊ နှင်းသဆက်လှာ၊ ရေနန်းမြင့်သီတာမှာ၊ ညာဘယ်ကာရာဇမတ်ကယ်၊ ရေးယူတတ် မလွဲ။

"ရာဇမတ်ငယ်"

၂၈။ မန်းဂိရိတောင်စွယ်၊ ပြန်ဌာနီတည်ထွန်းတည့်၊ ကျွန်းမြေပြန့်လယ်၊ ရာဇမတ်ငယ်၊ ရှက်ခြင်ဖွယ်ဟန်ရေးငယ်၊ နည်းမူလထွေး။

"နေရောင်ကာ"

၂၉။ နေသမ္မိန်နွယ်မြစ်မို့၊ သောင်းခေတ်ကကြေညာ၊ ဖြန့်ဖြူရွှေကနက်နှင့် စိုးစံစကြာ၊ နေရောင်ကာ တက်ရေးငယ်၊ များမြင်စ မနေး။

"နေရောင်ပြ"

၃၀။ ရွှေညီလာရုံသန်းလို့၊ ရေနန်းသီကာ၊ ငါးလကာ်ခေါ်ရိုးငယ်၊ ယိမ်းယူပြမညို။

"တင်းတိမ်ရံ"

၃၁။ ရွှေစက်တော်တင်၊ မဟာဝင်လေ့မျှော့ထီး၊ ကြီးတောဇလန်းလန်း၊ မြစ်လုံးငယ်ငြိမ်၊ ရွှေတင်းတိမ်ရံဆီးသို့၊ ချီးမြော်ဆတခန်း။





"တင်းတိမ်လှစ်"

၃၂။ ရွှေသင်္ဂီရောင်ပသည်၊ ကြီးလေ့မျှော့ရာဇိန်၊ သောင်းနိုင်ငံကြော် ငြာလွှင့်တယ်၊ ချီးအံ့မတိမ်၊ တက်ရေးဟန်စုံချိန်လို၊ ရွှေရိပ်ငြိမ် ဘုံသစ်မှာ၊ တင်းတိမ်လှစ်တနဲ။

"သုံးချက်ပေါက်မြန်"

၃၃။ ရွှေသပြေပင်ဝန်းလို၊ တောင်ကျွန်းမြဒီပါမှာ၊ သီတာပြန့်ဘုန်း၊ သုံးချက်ပေါက်ဟန်၊ တက်ခေါက်ဟန်ညီလှတယ်၊ သောင်းဒီပ မှန်ကင်း။

"စံပယ်ရုံ"

၃၄။ မှန်နန်းရှင်ကြေးမုံ၊ များမြင်သူမျှော်မဆုံးအောင်၊ မြစ်လုံးပြည့်ဟုန်၊ ချီးဆိုခွင့်မကုန်၊ စံပယ်ရုံတက်ရေးငယ်၊ ကြွေးကြော်ကြ ခင်းခင်း။

"ဆင်စွယ်ဝန်းရက်"

၃၅။ ခြားနိုင်မျှသွယ်သွယ်၊ ယဉ်ယမုန်ရေနန်းမှာ၊ ဆန်းပါဘိတယ်၊ ဝန်းရက်ကယ်ဆင်စွယ်သို့၊ ချီးအံ့ဖွယ်မျှော်ရေးငယ်၊ ထီးရာပိုင့် လက်ရွေး၊

## "ကိန္နရာတောင်ရှက်"

၃၆။ ဟောမဝန္တာ၊ နန္ဒမူလိုဏ်ဂူထဲမှာ၊ နွဲကြပြုငှာ၊ ကိန္နရာတောင်ရှက် သို့၊ ပြောင်းချီတက်ရေး။

## "နတ်သမီးပန်းအိုး"

၃၇။ ပြသုံးဆယ်နည်းမှန်၊ ခုနစ်တန်ကျော်ရိုးနှင့်၊ စိုးလှေထိပ်ပန်၊ နတ်သမီးခိုးဟန်၊ ရေသံလူမကြားအောင်၊ နည်းမူလသားသား။

ဤသို့ဖြင့် မင်းတုန်းမင်းတရားကြီးသည် မန္တလေးရွှေမြို့တော်မှ အင်းဝသို့ ရွှေဖောင်တော်ဖြင့် မြစ်တွင်းသဘင်ဆင်ယင်စုန်တော်မူမည့် ခရီးစဉ်အတွက် ပြင်စည်မင်းသားကြီးအား လှေလှော်သံ ၃၇ ချင်းကို ရေးသားဆက်သွင်းစေကြောင်း စာဟောင်းများ အမှတ်အသားအရ သိရှိရပါသတည်း။ ။

❀❀❀





## ကျမ်းကိုး


၁။ မှန်နန်းရာဇဝင်တော်ကြီး– တတိယတွဲ။

၂။ ဦးကုလားမဟာရာဇဝင်တော်ကြီး– တတိယတွဲ။

၃။ အရှင်ကေလာသ၊ မန္တလေးသာသနာဝင်– ဒုတိယတွဲ၊ ပဌမတွဲ။

၄။ မြ ကေတု၊ နန်းခလေ့မှတ်တမ်း။

၅။ မော်ဘီဆရာသိန်း၊ ကုန်းဘောင်ခေတ် ဝန်ကြီးများ အတ္ထုပ္ပတ္တိ။

၆။ ယဉ်ကျေးမှုစာစောင်၊ ၁၉၆၀ ခု၊ ဧပြီလ၊ အတွဲ(၃) အမှတ် (၇)။

၇။ ကုန်းဘောင်ဆက်မဟာရာဇဝင်၊ ဒုတိယတွဲ၊ တတိယတွဲ။

အောင်ခင်စိုး

# မင်းတုန်းမင်းတရားကြီး၏
# အတွင်းရေးများ

